


# ဆုတောင်းနှစ်ခု... ဘဝများစွာနှင့်

## အနုသုတေသန ရသစာတမ်းများ

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝတို့တွင် ကိုဗစ် ၁၉ ၏
သက်ရောက်မှု လေ့လာဆန်းစစ်ချက်ကို အနုသုတေသန
ရသစာတမ်းများအနေဖြင့် မှျဝေခြင်း

# ဆုတောင်းနှစ်ခု...
# ဘဝများစွာနှင့်

## အနုသုတေသန ရသစာတမ်းများ

# ပုံနှိပ်မှတ်တမ်း


**ပုံနှိပ်ခြင်း** - ပထမအကြိမ်
၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ

**စီစဉ်တည်းဖြတ်သူ** - မြတ်သက်သစ္စာ

**စီစဉ်ထုတ်ဝေသူ** - EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း

**မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ပုံ** - ဝလုံး

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း** - စည်သူ

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်** - DOON ပုံနှိပ်တိုက်၊
အမှတ် ၁၂/F၊ ၅၄ လမ်း (အလယ်)၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဆုတောင်းနှစ်ခု... ဘဝများစွာနှင့် အနုသုတေသန ရသစာတမ်းများ**
ကလောင်စုံ- ရန်ကုန်၊ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း
(EMReF)၊ ပထမအကြိမ်၊ ၂၀၂၀။
စာမျက်နှာ ၅၅၊ ၁၃.၂ စင်တီ x ၂၀.၈ စင်တီ။

# မာတိကာ

ကျေးဇူးတင်ရှိခြင်း ၅

စီစဉ်တည်းဖြတ်သူ၏ မိတ်ဆက်အမှာစာ ၆

ကောင်းခြင်းတို့ဆုံမှတ် ၁၁
**လုချီနှင့် သန်း(ဂ်)စွန်း**

မျက်ရည် ၂၁
**လုချီ**

ကွက်လပ်ဖြည့်ပါ ၃၅
**ဆာမိုဝါး**

ဆုတောင်းနှစ်ခု... သို့သော်... ဘဝများစွာ ၄၇
**ထောင်ဇာပွမ်း**

အကြံပေးအဆိုပြုချက် ၅၃

# ကျေးဇူးတင်ရှိခြင်း

"Rapid Assessment of Social and Socio-economic Impact of COVID 19 in Rakhine State and Paletwa" ("ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝရှိ ပြည်သူများအပေါ် ကိုဗစ် ၁၉ ၏ လူမှုရေးနှင့် လူမှုစီးပွားရေးဆိုင်ရာသက်ရောက်မှု လေ့လာဆန်းစစ်ချက်") ကို အောင်မြင်စွာ ပြုလုပ်နိုင်ခြင်းအတွက် ယခုသုတေသနအတွင်း ပူးပေါင်းပါဝင်ဖြေဆိုပေးခဲ့ကြသော ရခိုင်ပြည်နယ် စစ်တွေနှင့် ကျောက်တော်မြို့နယ်၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်များမှ ပြည်သူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများကို ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပထမပြောကြားလိုပါသည်။ ယခုလေ့လာမှုနှင့်အနုသုတေသနအစီရင်ခံစာကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) သည် မိမိတို့အဖွဲ့အစည်း၏ ဉာဏ်၊ အနုပညာ၊ နည်းပညာနှင့် ငွေကြေးအရင်းအမြစ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ လေ့လာမှုပြုရန် နည်းပညာနှင့် ငွေကြေးအရင်းအမြစ်တို့ ပူးပေါင်းထည့်ဝင်ကူညီခဲ့သော Mr. Markus Kostner ကိုလည်း ကျေးဇူးတင်ရှိကြောင်း ခင်မင်လေးစားစွာ ပြောကြားလိုပါသည်။ လေ့လာမှု၏ အနုသုတေသနရသစာများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရန် ငွေကြေးအားဖြင့် ကူညီပံ့ပိုးပေးသော "Everyday Justice and Security Program (Ever-Just)" ကိုလည်း အထူးကျေးဇူးတင်ပါသည်။ အနုသုတေသနရသစာတမ်းများကို မြန်မာစာရသ ပိုမိုပီပြင်အားကောင်းစေရန် စေတနာဖြင့် ကူညီအားဖြည့်ပေးပါသော ဆရာမမယ်ဥဒါန်းအားလည်း ကျေးဇူးတင်ရှိကြောင်း ချစ်ခင်စွာပြောကြားလိုပါသည်။

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း**
**Enlightened Myanmar Research Foundation (EMReF)**

# စီစဉ်တည်းဖြတ်သူ၏ မိတ်ဆက်အမှာစာ

မြန်မာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးရှိသူကို ပထမဆုံးအကြိမ် စမ်းသပ်တွေ့ရှိကြောင်း မတ်လ ၂၃ ရက်၊ ၂၀၂၀ တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာသည်။ တီးတိန်မြို့နယ်အတွင်းမှ ကျေးရွာတစ်ရွာတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါသတင်းထုတ်ပြန်မှုအပြီးတွင် မြန်မာနိုင်ငံပြည်သူအများစု ကြောက်လန့်ကြသည်။ ကိုဗစ်ကာကွယ်ရေး အစီအမံများချကာ မိမိတို့ရပ်ကွက်၊ မိမိတို့မိသားစုများကို ကိုဗစ်ရောဂါမှ ကာကွယ်နိုင်ရေး ဆောင်ရွက်ကြသည်။ ထိုအချိန်တွင် ကိုဗစ်ရောဂါပိုးကို ပထမဆုံးတွေ့ရှိခဲ့သော တီးတိန်မြို့နယ်ရှိ ကျေးရွာကလေးတွင် ဘာတွေဆက်ဖြစ်နေခဲ့ပါသနည်း။ အဆိုပါကျေးရွာလေးသည် "လောခ့်ဒေါင်း (lockdown)" ဆိုသော မြန်မာပြည်သူများနှင့်မရင်းနှီးသော အခြေအနေကို တစ်ရွာလုံးအတိုင်းအတာဖြင့် ပထမဆုံးတွေ့ကြုံရသည်။ ရွာအတွင်းရှိ နေအိမ်အများစု "ကွာရန်တင်း"ခြင်း ခံရသည်။ ထိုအခြေအနေကို ရွာကလေးရှိပြည်သူများ မည်သို့ရင်ဆိုင်ဖြေရှင်းကြရပါသနည်း။ မြန်မာနိုင်ငံသို့ ကိုဗစ်ပိုး ပထမဆုံးယူဆောင်လာသူအဖြစ် အများကသတ်မှတ်ခံရသော မိသားစုသည်လည်း အဆိုပါအခြေအနေကို မည်သို့ရင်ဆိုင်ဖြတ်သန်းကြရပါသနည်း။

ကမ္ဘာ့ကပ်ရောဂါဘေးကို မြန်မာနိုင်ငံအနေနှင့် ပထမဆုံးပက်ပင်းတိုးရင်ဆိုင်ခံစားလိုက်ရသော တီးတိန်မြို့နယ်အတွင်းရှိ အဆိုပါရွာလေးတွင် မြန်မာပြည်သူအများစု မသိလိုက်သည့် လူမှုရေး၊ စီးပွားရေးနှင့် စိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုများစွာရှိပါသည်။ မင်္ဂလာပွဲကျင်းပရန် အမေရိကန်နိုင်ငံမှ

ပြန်လာသော အမျိုးသားထံတွင် ပိုးတွေ့ရှိကြောင်း သတင်းထုတ်ပြန်ပြီး နောက်တွင် အဆိုပါမိသားစုအား ရပ်ရွာမှပိုင်းဝန်းပြစ်တင်ကြသည်။ အဆိုပါအမျိုးသားနှင့်လက်ထပ်သော အမျိုးသမီးသည်လည်း ရပ်ရွာ၏ ဝေဖန်ပြစ်တင်ဖယ်ကြဉ်မှုကိုခံရသည်။ ၎င်းတွင် ပိုးမတွေ့ရှိသော်လည်း ရပ်ရွာကမယုံကြည်နိုင်ဘဲ ဝေဖန်ပြစ်တင်မှုများစွာ လူမှုမီဒီယာပေါ်တွင် ပြုလုပ်ကြသည်။ ပိုးတွေ့လူနာများ မိသားစုနှင့်ခွဲ၍ Quarantine ဝင်ရခြင်း၊ ဆေးရုံကိုမသွားလိုဘဲ ပို့ဆောင်ခံရခြင်းစသည့် ကပ်ရောဂါတစ်ခုအတွက် မဖြစ်မနေလုပ်ရသည့် ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများကို ပထမဆုံးထိတွေ့ခံစားရသောကြောင့် စိတ်ထိခိုက်ကြောင့်ကြမှုများ များစွာကို အဆိုပါရွာသူရွာသားများ ခံစားရသည်။ ကပ်ရောဂါကာကွယ်ထိန်းချုပ်ခြင်းအတွက် တာဝန်အရဆောင်ရွက်ရသော ကျေးရွာတာဝန်ရှိသူများ၊ မိသားစုအသိုက်အဝန်းနှင့် ပိုးတွေ့လူနာမိသားစုနှင့် ဆွေမျိုးအသိုင်းအဝိုင်းများအကြား ပြင်းထန်သောတင်းမာမှုများ၊ လူမှုဆက်ဆံရေးပျက်ယွင်းမှုများ ဖြစ်ခဲ့ကြသည်။ လော့ဒေါင်းဆိုသည်ကို ပထမဆုံးထိတွေ့ခံစားရသော အဆိုပါရွာလေးသည် ကြောက်ရွံ့မှုအပြင် ပြည်သူများအဖို့ နေ့စဉ်စားစရာပင် ပြတ်လပ်သွားသည့် အကျပ်အတည်းဖြင့် ရင်ဆိုင်ခဲ့ရသည်။ တီးတိန်မြို့နယ်မှ အဆိုပါကျေးရွာဇာတိဟုပြောလိုက်လျှင် ရန်ကုန်၌အခြေချနေထိုင်သူများပင်လျှင် ဖယ်ကြဉ်မှုများခံစားခဲ့ရကြောင်း သိရသည်။

အဆိုပါအဖြစ်များကို သိရှိသူအလွန်နည်းပါသည်။ လက်တွေ့အခြေအနေက ပြောပြနိုင်သည်ထက် ဆိုးပါလိမ့်မည်။ ကိုဗစ် ၁၉ ၏ လူ့အဖွဲ့အစည်းအပေါ်သက်ရောက်မှုများအကြောင်း လေ့လာသောကြောင့်သာ သိနိုင်ခြင်းဖြစ်သည်။ အကျပ်အတည်းတစ်ခုဖြစ်တိုင်း မြေပြင်အခြေအနေသည် လူအများသိရှိနိုင်သည်၊ မှန်းဆနိုင်သည်ထက် ပိုမိုကြမ်းတမ်းခက်ခဲသည်။ လူအများတွေးထင်မှန်းဆမထားသည့် စိန်ခေါ်မှုများလည်း အမြဲရှိနေတတ်သည်။

ပြည်သူလူထုနှင့်နိုင်ငံတော်သည် အကျပ်အတည်းအတွင်းရှိ ပြည်သူများကို အကူအညီပေးရာတွင် အဆိုပါအခြေအနေများကို သိရှိနားလည်ရန် လိုအပ်ပါသည်။ မြေပြင်လက်တွေ့အခြေအနေများကို သိမြင်နားလည်စာနာမှုနှင့် အကူအညီများပေးနိုင်ပါက ပိုမိုထိရောက်မည်ဖြစ်ပါသည်။ "Rapid Assessment of Social and Socio-economic Impact of COVID 19 in Rakhine State and Paletwa" ("ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ် ပလက်ဝရှိပြည်သူများအပေါ် ကိုဗစ် ၁၉ ၏ လူမှုရေးနှင့်လူမှုစီးပွားရေးဆိုင်ရာသက်ရောက်မှု လေ့လာဆန်းစစ်ချက်") ကို ထိုရည်ရွယ်ချက်ဖြင့်

ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါသုတေသနကို ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ကျောက်တော်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်များရှိ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ရပ်ကွက် ကျေးရွာ (၆) ခုနှင့် စစ်ရှောင်စခန်း (၆) ခုရှိ ပြည်သူ (၃၈) ဦးတို့ကို ဩဂုတ် လလယ်မှ လကုန်ပိုင်းအတွင်း ဖုန်းနှင့်ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်သည်။ လေ့လာမှု၏အဓိကတွေ့ရှိချက်များကို Zoom မှတစ်ဆင့် အရပ်ဖက်အဖွဲ့ အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို စက်တင်ဘာလ (၉) ရက်နေ့ တွင် ဖိတ်ကြားမျှဝေခဲ့ပြီးဖြစ်ပါသည်။

လေ့လာမှုတွေ့ရှိချက်အစီရင်ခံစာအပြည့်အစုံကို အင်္ဂလိပ်ဘာသာ ဖြင့် ရေးသားပြုစုထားပါသည်။ လေ့လာမှု၏ အဓိကတွေ့ရှိချက်များကို **အနုသုတေသနအနှစ်သာရ**အားဖြင့် ရသစာတမ်း (သို့မဟုတ်) ဝတ္ထုတိုပုံစံ မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေရန် စီစဉ်ခဲ့ပါသည်။ အဆိုပါ အနုသုတေသန ရသစာများကို လေ့လာမှုအတွင်းကောက်ယူရရှိခဲ့သော "**သာဓကများ**" (Case Studies) နှင့် "**ဖြေဆိုသူတို့တိုက်ရိုက်သုံးနှုန်းပြောဆိုသော ဆိုစကားများ (Quotes)**" ကိုအခြေခံ၍ ဤလေ့လာမှုကို ကိုယ်တိုင်ပြုလုပ် ခဲ့ကြသော ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ သုတေသီ များကိုယ်တိုင် ခံစားရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များ ကို မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေရခြင်းမှာ နိုင်ငံရှိ ပြည်သူအများစု ဖတ်ရှုနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သုတေသနတွေ့ရှိချက်များကို အနုပညာဆန်သော တင်ဆက်မှုပုံစံနှင့် တင်ဆက်ရခြင်းမှာ လက်တွေ့ အခြေအနေများကို စာရှုသူတို့ကိုယ်တိုင် ဝင်ရောက်ခံစားခြင်းဖြင့် ပိုမို သိမြင်နားလည်နိုင်ရန် ဖြစ်ပါသည်။

လေ့လာမှု၏ အဓိကတွေ့ရှိချက်များကို ဝတ္ထုတို (၃) ပုဒ်၊ ရသစာ တစ်ပုဒ်တို့ဖြင့် ပုံဖော်ထားသည်။ လုချီနှင့်သန်း(ဂ်)စွန်းတို့ ရေးသားသည့် "**ကောင်းခြင်းတို့ဆုံမှတ်**" ဝတ္ထုတိုမှာ ကိုဗစ် ၁၉ ကို တုန့်ပြန်ကာကွယ်ရာ၌ အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းစီတို့ ပူးပေါင်း ဆောင်ရွက်ရန်အရေးကြီးပုံကို ပုံဖော်ထားသည်။ အရပ်ဖက်လူ့အဖွဲ့အစည်း များထံမှ လေ့လာတွေ့ရှိသော အစိုးရနှင့် အရပ်ဖက်ပြည်သူ့အဖွဲ့အစည်း များ ပူးပေါင်းဆောင်ရွက်မှုရှိသည့်အခြေအနေနှင့် မရှိသည့်အခြေအနေ များကို ပုံဖော်ထားခြင်းဖြစ်သည်။ "**ကောင်းခြင်းတို့ဆုံမှတ်**"သည် လူ့အဖွဲ့ အစည်းအတွင်းရှိ ပြည်သူတို့ အကျိုးကျေးဇူးဖြစ်ထွန်းရသည်ဆိုသောအဖြစ် သည် အဆိုပါလူ့အဖွဲ့အစည်းအတွင်းရှိ ကျင့်ဝတ်ရှိသော၊ အမှန်တကယ်

အလုပ်လုပ်သော၊ လူသားအချင်းချင်း ချစ်ခြင်းမေတ္တာထားရှိနိုင်သော တစ်ဦးတစ်ယောက်ချင်းစီနှင့်ဆိုင်သလို အဖွဲ့အစည်းများနှင့် ၎င်းတို့အလုပ်လုပ်ရာ၌ကျင့်သုံးသော ပြဋ္ဌာန်းထားသည့်စည်းမျဉ်းများ၊ အလေ့အထနှင့် ကျင့်ဝတ်များအပေါ်တွင်လည်း မူတည်ကြောင်း ပြောပြထားသည်။ အဆိုပါ အချက်အားလုံး ဆုံစည်းအကျိုးပြုခြင်းဖြင့် လူသားများကောင်းကျိုးရလဒ်ကို ခံစားရသည်ဟု "ကောင်းခြင်းတို့ဆုံမှတ်"က ဆိုလိုခြင်းဖြစ်သည်။

လုချီခံစားရေးဖွဲ့သော **"မျက်ရည်"** သည် ကိုဗစ်ကပ်ဘေး၊ စစ်ဘေးကြားက ဖိနှိပ်ခွဲခြားဆက်ဆံခံနေရသော ရခိုင်ပြည်နယ်မှ မွတ်စလင်တို့၏ အကျပ်အတည်းကို ပုံဖော်ထားခြင်းဖြစ်သည်။ ဒေသန္တရဥပဒေများဖြင့်လည်းကောင်း၊ လူမျိုးအချင်းချင်းအားဖြင့်လည်းကောင်း အသွားအလာ ကန့်သတ်ထားခြင်းခံရသော၊ လူမျိုးရေးအားဖြင့် ခေတ်အဆက်ဆက်ဖိနှိပ်ခွဲခြားဆက်ဆံခံနေရသော ရခိုင်ပြည်နယ်ရှိ မွတ်စလင်ပြည်သူများ၏ စစ်ဘေးနှင့်ကပ်ဘေးအတွင်းမှ ဘဝများမှာ အခြားသူများနှင့်မတူသော နည်းအားဖြင့် ပိုမိုခက်ခဲကြကြောင်း လုချီက ကွက်ကွက်ကွင်းကွင်း သိမြင်ခံစားနိုင်အောင် ပုံဖော်ထားသည်။

ဆာမိုဝါး၏ **"ကွက်လပ်ဖြည့်ပါ"**မှာ ပတ်ဝန်းကျင်၏ ခွဲခြားဆက်ဆံသော အပြုအမူများသည် ကိုဗစ် ၁၉ ရောဂါဖြစ်ပွားသူများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို ရေးဖွဲ့ထားသည်။ ပတ်ဝန်းကျင်၏ခွဲခြားဆက်ဆံခံရမည်ကိုစိုးသောကြောင့် ကိုဗစ်ဖြစ်လျှင်ပင် ဆေးကုသမှုခံယူခြင်းမပြုတော့ဘဲ အိမ်တွင်းအောင်း၍ မိမိတို့ကိုယ်တိုင် ရရာဆေးဝါးများဖြင့် ကုသကြသည့်အဖြစ်ကို ပုံဖော်ထားသည်။ လူလူချင်း ခွဲခြားဆက်ဆံသောလူ့အဖွဲ့အစည်းတွင် လူသားတို့သည် ကိုယ်စိတ်နှစ်ပါး မလုံခြုံမှု၊ လိုအပ်မှုများကို ခံစားနေကြရပြီး အချင်းချင်းစာနာ နားလည်ဖေးကူမှုနှင့် လူ့အဖွဲ့အစည်း၏ ဝန်းရံစောင့်ရှောက်မှုဖြင့်သာ လူသားတို့ ဘဝလိုအပ်ချက်ကွက်လပ်များကို ဖြည့်စွမ်းနိုင်မည်ဖြစ်ကြောင်း **"ကွက်လပ်ဖြည့်ပါ"** က သုတေသနအတွင်း တွေ့ရှိသော သာဓက (Case Studies) များကိုအခြေခံ၍ ရေးဖွဲ့ထားသည်။

ရသစာတမ်းအနေနှင့် ရေးဖွဲ့ထားသော Thawng Za Pum (ထောင်ဇာပွမ်း) ၏ **"ဆုတောင်းနှစ်ခု.... ဘဝများစွာ"**ကမူ ကိုဗစ်နှင့်စစ်ဘေးကြားက ပြည်သူများအနေဖြင့် ၎င်းတို့ဘဝကို နေ့စဉ်ရှင်သန်ဖြတ်သန်းစဉ် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ ခံစားချက်များကို ၎င်းတို့ကိုယ်တိုင် ပြောပြနေသည့်အလား ပုံဖော်ထားသည်။ သုတေသနပြုလုပ်ချိန် ပြည်သူများနှင့်မေးမြန်းဆွေးနွေးစဉ် ၎င်းတို့ပြောသည့် ဆိုစကားများ (quotes) များကို ရသစာ

အဖြစ် Thawng က ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ စံတော်ချိန်တစ်ခု၊ နေ့ညဖြစ်တည်မှုတစ်ခုတည်းအောက်တွင် အသက်ရှင်နေထိုင်ကြသူချင်းတူသော်လည်း စစ်ဘေးအတွင်း ကပ်ရောဂါနှင့် စားဝတ်နေရေးကျပ်တည်းမှုကို ခံစားရသူတို့မှာ လူသားတို့၏ပုံမှန်ဘဝနှင့် အသက်ရှင်မှုပုံစံကိုပင် မမှန်းဆနိုင်တော့အောင်ဖြစ်ရကြောင်းကို ပေါ်လွင်အောင်ရေးဖွဲ့ ထားသည်။

စစ်ရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခနှင့် ကိုဗစ်ကပ်ဘေးတို့ကြားမှ လူသားတို့၏ နေ့စဉ်ဘဝများအကြောင်းကို သုတေသီများအနေဖြင့် လေ့လာမှုပြုခဲ့ပြီး လူသားအနုပညာဖြင့် အခြားလူသားများ သိမြင်ခံစားနိုင်ကြစေရန် ဤအနုသုတေသနရသစာများကို ရေးဖွဲ့ခဲ့ပါသည်။ ဤအနုသုတေသနစာတမ်းများအားဖြင့် စာနာနားလည်မှု၊ တရားမျှတမှုနှင့် ကူညီကာကွယ်စောင့်ရှောက်ပေးမှုတို့ လိုအပ်လျက်ရှိသော လူသားများအကြောင်းကို သိရှိခံစားနားလည်ကြခြင်းဖြင့် လူအချင်းချင်း ကူညီကာကွယ် စောင့်ရှောက်ပေးနိုင်သောအဖြစ်ကို ရောက်ရှိကြပါစေဟု ဆန္ဒပြုပါသည်။

**ချစ်ခင်လေးစားမှုဖြင့်**
**မြတ်သက်သစ္စာ**

# ကောင်းခြင်းတို့ဆုံမှတ်

လုချီနှင့် သန်း(ဂ်)စွန်း



မိုင်ခင်မာရှိန်သည် အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတစ်ခုတွင် စီမံကိန်းတာဝန်ခံတစ်ဦးအနေဖြင့် အလုပ်လုပ်နေသည့် ချင်းတိုင်းရင်းသူ တစ်ဦးဖြစ်သည်။ မိုင်တို့သည် ၎င်းတို့အဖွဲ့အစည်း၏ မူလအလုပ်ဖြစ်သော "ပြည်သူလူထုအား ဥပဒေဆိုင်ရာအသိပညာပေးလုပ်ငန်းများ"ကို လူစု လူဝေးပြုလုပ်၍ မရသေးသည့်အတွက် ခေတ္တရပ်ထားရသည်။ သို့သော် တစ်ဖက်တွင် ကိုဗစ် ၁၉ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အရပ်ဖက် ဆိုင်ရာလူမှုအဖွဲ့အစည်းတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်နေသည်။

ကိုဗစ် ၁၉ ဒုတိယလှိုင်းသည် အချိန်တိုအတွင်း ကူးစက်ပြန့်ပွားမှုနှုန်း အရှိန်အဟုန်ဖြင့်မြင့်တက်လာခဲ့ရာ ရခိုင်ပြည်နယ်တွင်လည်း ပိုးတွေ့ လူနာများ ဆက်တိုက်ဆိုသလိုတိုးလာခဲ့သည်။ ထို့ကြောင့် မိုင်တို့အဖွဲ့ အစည်းသည်လည်း ဒုတိယလှိုင်း ပထမအပတ်တွင်ပင်လျှင် ရောဂါပြန့်ပွားမှု နှုန်းကို တတ်နိုင်သလောက် ထိန်းသိမ်းနိုင်ရေးအတွက် မက်(စ်)များနှင့် လက်သန့်ဆေးများကို စစ်တွေ မြို့မဈေး၊ မေယုဈေးနှင့် လိုအပ်သည့် Quarantine center တို့တွင် သွားရောက်လှူတန်းခဲ့ကြသည်။ ထို့အပြင် မိုင်တို့အဖွဲ့အစည်း၏ အလုပ်အမှုဆောင်အရာရှိဖြစ်သူ ဦးထင်လင်းက ကိုဗစ် ၁၉ ကာကွယ်ကုသရေးအတွက် အကူအညီပေးနိုင်ရန် အလှူငွေ (Grant) များ လျှောက်ထားခဲ့သည်။

ဒုတိယလှိုင်း ကိုဗစ်တွင် (Arakan Humanitarian Coordination

Team - AHCT) အဖွဲ့သည် စစ်တွေတစ်မြို့လုံးရှိ Quarantine center (၁၄) ခုလုံးအတွက် ထိရောက်သော အကူအညီများပေးနိုင်သည်။ AHCT အဖွဲ့သည် အရပ်ဖက်ဆိုင်ရာလူမှုအဖွဲ့အစည်းခြောက်ခု ပေါင်းထားသော လူမှုကူညီရေးအဖွဲ့ဖြစ်သည်။ AHCT အဖွဲ့မှ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပိုးတွေ့လူနာနှင့် သံသယလူနာများ အများအပြားရှိနေသော စစ်တွေမြို့တွင် လိုအပ်သည့် အကူအညီများအားလုံးကို ကူညီဆောင်ရွက်ပေးခြင်း၊ အလှူရှင်များနှင့်ချိတ်ဆက်ပေးခြင်း၊ အလှူရှင်များထံမှ အလှူငွေများနှင့်လှူဒါန်းပစ္စည်းများကို လိုအပ်သူများ လက်ထဲရောက်ရှိအောင် စီမံပေးခြင်းစသည့် လုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ကိုင်ပေးနေသည်။ ထို့ကြောင့် ဦးထင်လင်းသည် ကိုဗစ်ကာကွယ်ကုသရေး စီမံကိန်းအတွက် ဂရန့် (Grant) လျှောက်စဉ်ကတည်းကပင် ကိုဗစ်ဆိုင်ရာ ကူညီပံ့ပိုးမှုမရရှိသေးသော၊ စေတနာ့ဝန်ထမ်းလည်းတစ်ဦးမှ မရှိသေးသော မြို့နယ်မြို့ကို ရွေးချယ်ခဲ့သည်။ လျှောက်ထားသည့်ငွေကြေး ရရှိပါကလည်း (AHCT) အဖွဲ့အစည်းက လုပ်သည့်ပုံစံအတိုင်း ပုံတူယူ၍ စီမံကိန်းကို အကောင်အထည်ဖော်သွားရန်ဖြစ်သည်။ ဦးထင်လင်း၏ စီမံကိန်းအဆိုပြုလွှာအတွက် မေတ္တာအဖွဲ့အစည်းမှ ထောက်ပံ့ငွေများပံ့ပိုးပေးခဲ့ပါသည်။ ရရှိလာသော စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် အဓိကတာဝန်ခံလုပ်ရမည့်သူမှာ မိုင် ဖြစ်သည်။

ဂရန့်ရရှိလာသောအခါ မိုင်သည် စီမံကိန်းစတင်ရန်အတွက် ပထမဆုံး ခြေလှမ်းအနေဖြင့် ရွေးချယ်ထားသည့် ပထမမြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်ကိစ္စများ သွားရောက်ညှိနှိုင်းသည်။ ပထမမြို့နယ်၏ Quarantine Center မှာ အဖြစ်သဘောလောက်သာ ရှိသည်။ အဆောက်အအုံ သတ်မှတ်ထားသည့်ပုံစံသာရှိပြီး Quarantine ဝင်သူများသည် ကိုယ့်အထုပ်အပိုးနှင့်ကိုယ် လာနေရသည်။ လူဝင်လူထွက်ကြီးကြပ်ပေးသည့် ဌာနဆိုင်ရာဝန်ထမ်းလည်း တစ်ဦးတစ်ယောက်မျှ မရှိပေ။ Quarantine ဝင်သူများမှာ စားရေးသောက်ရေး၊ ရေချိုးခန်းနှင့် အိမ်သာကိစ္စကအစ အခက်ခဲရှိသည်။

ထို့ကြောင့် မိုင်သည် အုပ်ချုပ်ရေးမှူးနှင့် ပထမအကြိမ်တွေ့ဆုံမှုတွင် မိုင်တို့ဘက်က စေတနာ့ဝန်ထမ်း ၄ ဦးကို Quarantine center တွင် ၁၄ ရက် တစ်ဖြတ်စီဖြင့် ၂၄ နာရီ အကူအညီပေးနိုင်ရန် စီမံပေးမည့်အကြောင်း၊ ထို့ပြင် Quarantine ဝင်သူများ မည်သည့်အထုပ်အပိုးမှယူလာစရာမလိုဘဲ အိပ်ယာလိပ်မှစ၍ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးအဆုံး ကူညီပံ့ပိုးသွား

မည့်အကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဘက်မှ စင်တာလုံခြုံရေးအတွက် ရဲနှစ်ဦးကို မနက် ၆ နာရီမှ ညနေ ၆ နာရီအထိ တာဝန်ချပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်။ ထို့အပြင် စင်တာတွင် စေတနာ့ဝန်ထမ်းများနေထိုင်ရန် အခန်းနှင့် လှူဒါန်းပစ္စည်းများ သိုလှောင်ထားရန် အခန်းတစ်ခန်းစီမံပေး စေလိုကြောင်းလည်း ညှိနှိုင်းခဲ့သည်။ အုပ်ချုပ်ရေးမှူးက ပထမအကြိမ် ညှိနှိုင်းမှုတွင် ဝန်ကြီးချုပ်ဆီက စာပါမပါမေးခဲ့သည်။ မိုင်ကလည်း ယခုအခါ ဝန်ကြီးချုပ်အား စာတင်မည်ဆိုပါက အချိန်ယူရမည်ဖြစ်သောကြောင့် ပြည်သူများ၏ လောလောဆယ် အရေးပေါ်လိုအပ်ချက်များကို အချိန်မီ ကူညီဆောင်ရွက်နိုင်ရန် အခက်ခဲရှိနိုင်သည့်အတွက် စာမတင်တော့ ကြောင်းပြောသည်။ သို့သော်လည်း အုပ်ချုပ်ရေးမှူး၏ စဉ်းစားဦးမည်ဆို သည့်အဖြေသာ မိုင်ရရှိခဲ့သည်။

အကြောင်းပြန်စာကိုစောင့်နေရင်းနှင့်ပင် မိုင်တို့သည် မိမိတို့တတ်နိုင် သလောက် Quarantine center သို့ သွားလှူဒါန်းကြသည်။ Quarantine ဝင်သူများအတွက် တစ်ရက်လျှင် ရေသန့်ဗူး (၃) ဗူးစီ၊ မက်(စ်) ငါးခုစီနှင့် အိပ်ရာလိပ်များ ကူညီပေးခဲ့သည်။ သို့သော်လည်း Quarantine ဝင်သူများ အတွက် လိုအပ်သောအကူအညီများ ၂၄ နာရီဝန်ဆောင်မှုပေးသည့် အလုပ်ကိုတော့ ခွင့်ပြုချက်ရမှသာ လုပ်ရမည်ဖြစ်သည်။ စင်တာတွင် အစိုးရဌာနဘက်မှ ကူညီပေးနေသူ စေတနာ့ဝန်ထမ်းလည်း တစ်ယောက် မျှမရှိသလို စင်တာအတွင်း လူဝင်လူထွက်ကြီးကြပ်ပေးသော ဂိတ်လုံခြုံရေး လည်းမရှိပေ။ ထွေအုပ်ရုံးကလည်း တစ်နေ့လျှင် နာရီဝက်လောက်သာ လာပြီး ပြန်သွားကြသည်။

သုံးပတ်ကြာသည့်တိုင်အောင် အုပ်ချုပ်ရေးမှူးထံမှ အကြောင်းပြန် ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် မိုင်သည် မြို့နယ်အုပ်ချုပ်ရေးမှူးအား ဒုတိယ တစ်ကြိမ် ပြန်သွားတွေ့သည်။ ပထမတွေ့စဉ်က ရှင်းပြသည့်နည်းတူ ထပ်မံ ရှင်းပြပြီး Quarantine ဝင်သူများ အင်တာနက်သုံးနိုင်ရန် အင်တာနက် ဝိုင်ဖိုင်စက် တပ်ပေးချင်သည်ဟုလည်းပြောခဲ့သည်။ သို့သော် အုပ်ချုပ်ရေးမှူး သည် အထက်ကိုမေးကြည့်ပြီး အကြောင်းပြန်ပေးမည်ဟုသာ ပြောခဲ့သည်။ ယခု အောက်တိုဘာလကုန်ခါနီးပြီ။ မည်သည့်အကြောင်းပြန်ကြားမှုမှ မလာသေးပေ။

မိုင်တို့လည်း အပြင်ကနေ ကူညီလို့ရသမျှသာ ဆက်လက်ကူညီသည်။ တစ်ရက်တွင် Quarantine center မှ အိမ်သာများ တစ်ခုမျှသုံးမရတော့ လောက်အောင် ပြည့်လျှံသွားခဲ့သည်။ ထိုကိစ္စကိုတော့ အုပ်ချုပ်ရေးမှူးက

မိုင့်ကို ဖုန်းဆက်အကူအညီတောင်းခဲ့သည်။ အဆင်ပြေအောင် မိလ္လာစုပ်ကားများဖြင့် မိုင်တို့ ကူညီဆောင်ရွက်ပေးခဲ့သည်။ စင်တာရှိရာ ကျောင်းဝင်းအတွင်းတွင်လည်း မြက်ပင်များထူထပ်နေသဖြင့် ခြင်များ ပေါများလှသည်။ ထို့အတွက်လည်း မြက်ရှင်းပေးခွင့်ပြုရန် မြို့နယ်အုပ်ချုပ်ရေးမှူးအား ခွင့်တောင်း၍ မြက်ရှင်းခဲ့ရသည်။

တစ်ရက်တွင် ထို Quarantine center မှ အမျိုးသမီးတစ်ဦး ညဘက်မအိပ်ရဲသောကြောင့် သူ့အမေနှင့် အိမ်ပြန်အိပ်ကြောင်း မိုင်တို့ ရေသန့်ဗူးနှင့် မက်စ်များသွားပေးတော့ သိရသည်။ မနက်မိုးလင်းမှ စင်တာသို့ပြန်လာသည်ဆိုသည်။ Quarantine center မှာ အထက်တန်းကျောင်းတွင်ပြုလုပ်ထားခြင်းဖြစ်ရာ ကျောင်းအဆောက်အအုံကကြီးမားသည့်အတွက် Quarantine ဝင်သူနည်းသည့်အခါ ကြောက်တတ်သူများအတွက် ခြောက်ခြားစရာဖြစ်နိုင်သည်။ ထိုအမျိုးသမီးကို မိုင်ကိုယ်ချင်းစာမိပါသည်။

မိုင်နောက်ထပ် စိုးရိမ်မိသည်မှာ Quarantine ဝင်သူများ နေထိုင်ရန်အတွက် စနစ်တကျဆောင်ရွက်ထားမှု၊ ကြီးကြပ်ပေးမှုမရှိသောကြောင့် တစ်ဦးနှင့်တစ်ဦးကြား အဆီးအတားမရှိ သွားချင်သလိုသွား၊ လာချင်သလိုလာ၍ရသော အနေအထားတွင်ရှိနေခြင်းဖြစ်သည်။ တချို့ဆိုလျှင် ဝိုင်းဖွဲ့စကားပြောနေတတ်ကြသည်။ အိမ်သာနှင့် ရေချိုးခန်းကို မိန်းကလေးနှင့်ယောက်ျားလေး သီးသန့်ခွဲထားသော်လည်း အမှန်တကယ် တစ်ဦးနှင့်တစ်ဦး ရောဂါမကူးအောင် ကာကွယ်ပေးထားသည့်အနေအထားမျိုး မရှိလှပါ။ ဤကိစ္စများကို မိုင်တို့အဖွဲ့အစည်းမှ ကူညီဆောင်ရွက်ပေးနိုင်ပါလျက်၊ အလှူရှင်အဖွဲ့အစည်းမှလည်း ငွေကြေးပေးထားပါလျက်နဲ့ အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်တစ်ခုတည်းကြောင့် မိုင်တို့အပြည့်အဝ အကူအညီမပေးနိုင်ခြင်းကို မိုင် အသည်းနာလှသည်။ အစိုးရက Facility Quarantine ဟုဆိုသော်လည်း မြေပြင်တွင် ဘာ Facility မှမရှိသည်ကို မိုင်တွေ့နေရပါသည်။ ယခုအောက်တိုဘာလကုန်အထိ ထိုမြို့ငယ်လေးတွင် ပိုးတွေ့လူနာ ၃၀ နီးပါးနှင့် Quarantine ဝင်သူ အယောက် ၁၀၀ ကျော်ရှိခဲ့ပြီဖြစ်သည်။

ပထမမြို့တွင် အစိုးရဌာနဆိုင်ရာဝန်ထမ်းများနှင့် အရပ်ဖက်ဆိုင်ရာလူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အလွန်အားနည်းသောကြောင့် ကိုဗစ် ၁၉ ကာကွယ်ကုသရေးလုပ်ငန်းများ ထိထိရောက်ရောက် မဆောင်ရွက်နိုင်သဖြင့် မိုင်စိတ်မကောင်းဖြစ်ရသလောက် ဒုတိယမြို့အတွက်တော့ မိုင်ဝမ်းမြောက်ရပါသည်။ သည်မြို့မှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဆရာဝန်သည် မိုင်တို့အကြံပြုချက်များကို အလေးနက်ထား

ကာ ပူးပေါင်းဆောင်ရွက်ပေးကြသောကြောင့်ဖြစ်သည်။

ဒုတိယမြို့နယ်တွင် မိုင်တို့ဘက်မှ စေတနာ့ဝန်ထမ်းလေးဦးသည် Quarantine center တွင် ၂၄ နာရီလုံး Quarantine ဝင်သူများ၏ အခက်ခဲများကို ကူညီဆောင်ရွက်ပေးနိုင်သည်။ Quarantine ဝင်သူများ တစ်ဦးနှင့်တစ်ဦးမထိတွေ့ရန် ကြိုးများနှင့်ခြားပေးထားသည်။ ထို့အပြင် လုံခြုံရေးအတွက် မြို့နယ်ရဲစခန်းမှ ရဲသားသုံးဦးကို မနက် ၆ နာရီမှ ညနေ ၆ နာရီအထိ အစိုးရဘက်မှ တာဝန်ချထားပေးသည်။ မိုင်တို့ဘက်ကလည်း လိုအပ်သော စောင်၊ ခေါင်းအုံးများနှင့် အိပ်ရာခင်းများ ထောက်ပံ့ပေးထား သည်။ မိုင်တို့ဘက်မှာ မရှိသည့်ပစ္စည်းများ (ဥပမာ ပီပီအီးဝတ်စုံများ) ဆိုလျှင်လည်း (AHCT) ဆီ ဖုန်းဆက်အကူအညီတောင်း၍ ကူညီပေးနိုင် သည်။ ထို့အပြင် အင်တာနက်ဝိုင်ဖိုင်လည်း တပ်ပေးထားရာ Quarantine ဝင်သူများ ဖုန်းဘီလ်မကုန်ဘဲ အင်တာနက်သုံးနိုင်သည့်အတွက် ဇာတ်ကား ကြည့်ခြင်းနှင့် ၎င်းတို့နှစ်သက်ရာ လိုင်းများ၊ သတင်းများဖတ်ရှုနိုင်ခြင်းကြောင့် အထီးကျန်ပြီးငွေ့မှုကို အတိုင်းအတာတစ်ခုထိ ပြေပျောက်စေသည်။

မိုင်တို့အဖွဲ့အစည်းအနေဖြင့် အစားအသောက်တော့ ဖြည့်ဆည်းပေး နိုင်ခြင်းမရှိသေးပါ။ သို့သော်လည်း အစားအသောက်လှူသူများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးထားသောကြောင့် Quarantine ဝင်သူများ၏ ၅၀ ရာခိုင်နှုန်း လောက်သာ ဝယ်စားရသည်။ အလှူရှင်မရှိသည့်ရက်တွင်လည်း Quarantine ဝင်သူများစားချင်သည့် အစားအသောက်နှင့် မုန့်ပဲသွားရည်စာများကို တစ်ရက်လျှင် သုံးကြိမ်စာရင်းကောက်ပြီး စေတနာ့ဝန်ထမ်းများက သွားဝယ် ပေးသည်။

မိုင်ကိုယ်တိုင်က Quarantine center တွင် အချိန်ပြည့် တာဝန် မထမ်းဆောင်နိုင်သော်လည်း စင်တာရှိ စေတနာ့ဝန်ထမ်းများနှင့် နေ့စဉ် ချိတ်ဆက်ပြီး လိုအပ်သော အကူအညီများကို ဖြည့်ဆည်းဆောင်ရွက်ပေး သည်။ အလှူရှင်များနှင့်လည်း ချိတ်ဆက်ပေးရသည်။ ထို့ကြောင့် မိုင်တို့အဖို့ ကိုဗစ်ကာလတွင် အိမ်မှာနေ၍ အလုပ်လုပ်ရသည်ဟုဆိုသော်လည်း အိမ် တွင်နေရသည့်ရက်က ခပ်ရှားရှားပင်ဖြစ်သည်။

သို့သော်လည်း မိုင်ပျော်ပါသည်။ အချို့သူများက မိုင်တို့လုပ်တာတွေ ကို အသိအမှတ်မပြုသော်လည်း အသိအမှတ်ပြုကာ ပူးပေါင်းလုပ်ကိုင်နေ သူတွေလည်း ရှိနေသေးတာကြောင့် အကူအညီလိုအပ်သူများ အထူးသဖြင့် ဤကမ္ဘာ့ကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးတွင် မိုင့်လုပ်ဆောင်ချက်သည် အုတ်တစ်ချပ် သဲတစ်ပွင့်မျှသာ ရှိပါစေဦးတော့... မိုင်ပျော်သည်။ ဒုတိယ

မြို့၏ မြို့နယ်အုပ်ချုပ်ရေးမှူးလည်း ပြည်သူတို့လိုအပ်ချက်ရှိသည်ကို ဖြည့်ဆည်း ရလို့ ပျော်နေပုံရပါသည်။ သူကပင် လက်ရှိကိုဗစ်ကာကွယ်ရေး စီမံကိန်း ပြီးသွားခဲ့လျှင်လည်း ရပ်ရွာပြည်သူများအား တတ်နိုင်သည့်ဘက်က ဆက်လက် ကူညီပေးရန် မိုင်တို့ကိုတောင်းဆိုခဲ့သည်။

မြို့နှစ်မြို့ကိုနှိုင်းယှဉ်ကာ မိုင်တွေးမိသည်။ အစိုးရနှင့်မိုင်တို့ အတူ လက်တွဲလုပ်နိုင်ခဲ့သော ဒုတိယမြို့တွင် အမှန်တကယ်အကျိုးရှိသည်က ပြည်သူများဖြစ်သည်။ Quarantine ဝင်သူတွေသာ အကျိုးရှိသည်မဟုတ် ပါ။ ပိုမိုကောင်းမွန်ပြည့်စုံသော ကာကွယ်မှုများကြောင့် ပြည်သူမည်မျှ ကိုဗစ်ဘေးမှ ကင်းဝေးသွားကြမည်ကို မှန်းဆ၍မရနိုင်ပါ။ ပြည်သူများ အန္တရာယ်ကင်းခြင်း၊ ပြည်သူအချင်းချင်းနှင့်အစိုးရက ရောဂါဘေးမှ ကာကွယ် စောင့်ရှောက်ပေးခြင်း၊ လိုအပ်သည်များကိုဖြည့်ဆည်းပေးခြင်းတို့ကြောင့် ရရှိမည့် ကိုယ်ကျန်းမာခြင်း၊ စိတ်ခွန်အားဖြစ်ခြင်းများသည် နိုင်ငံအတွက်၊ လူ့အဖွဲ့အစည်းအတွက် တန်းဖိုးမဖြတ်နိုင်ပါ။

ပထမမြို့နယ်၏ မြို့နယ်အုပ်ချုပ်ရေးမှူးအကြောင်း မိုင့်ခေါင်းထဲ ရောက်လာသည်။ သည်လူက ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မှုကနေ အတိုင်းအဆမဲ့ အကျိုးကျေးဇူးတွေရနိုင်သည်ကို မမြင်နိုင်ဘူးလားဟု မိုင် တွေးမိသည်။ ဒီလောက်ထိ သူမတွေးမိတောင် လိုအပ်နေသည့်ပြည်သူ တွေကို ဖြည့်ဆည်းပေးနိုင်ခြင်းက သူ့အတွက် ဝမ်းမြောက်ပျော်ရွှင်မှုတော့ ဖြစ်ရမှာမဟုတ်ဘူးလား။ သူ့အတွက် ပြည်သူကိုဖြည့်ဆည်းပေးနိုင်ခြင်းက ပျော်စရာမမည်ဘူးလား။ မိုင်တို့မြက်ရှင်းပေးသည့်နောက်ပိုင်း Quarantine Centre မှလူများက ခြင်ကိုက်အများကြီး သက်သာသွားသည်ဟု ကြားသိ ရခြင်းကိုပင်လျှင် မိုင်ပျော်သည်။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဆိုလျှင် လည်း Quarantine ဝင်သူများအဆင်ပြေခြင်းကြောင့် ပျော်နေသည်ကို မိုင် အထင်အရှား ခံစားရသည်။ ပထမမြို့က အုပ်ချုပ်ရေးမှူးက ပြည်သူတွေ ကိုဖြည့်ဆည်းပေးခြင်းအားဖြင့် ပျော်တတ်တဲ့သူ မဟုတ်ဘူးလားလို့ မိုင် အတွေးနက်မိသည်။

မိုင့်အတွက် မေးခွန်းတွေအများကြီးဖြစ်လာသည်။ ငါက လူသား အချင်းချင်းရဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းပေးပြီး ပျော်နိုင်တဲ့သူ။ ဒီလို လိုအပ် နေတဲ့လူတွေကို ဖြည့်ဆည်းပေးပြီး ပျော်နိုင်တဲ့လူတွေ ဒီလောကမှာ များများရှိရင် လူ့လောကဟာ သာယာနေမှာပဲ။ ဒါ....လူပေါ်မူတည်တာပဲ။ ပထမမြို့နယ်အုပ်ချုပ်ရေးမှူးသာ လိုအပ်နေတာကို ဖြည့်ဆည်းပေးချင်တဲ့သူ ဆို သိပ်ကောင်းမှာပဲလို့ မိုင်တွေးမိသည်။

နေပါဦး..... လူတွေကို ကူညီဖြည့်ဆည်းပေးချင်တဲ့ ဆန္ဒရှိတိုင်းရော ဖြည့်ဆည်းပေးနိုင်သွားရောလား။

ငါက ဘာလို့ ဒီလိုလုပ်နိုင်၊ ပျော်နိုင်တာပါလိမ့်လို့ ကိုယ်လုပ်နိုင်ခဲ့တာကို ကိုယ်ပြန်ပြီးသုံးသပ်မိသည်။

မိုင့်အနေနဲ့ လူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးချင်တဲ့ဆန္ဒရှိရုံနဲ့ ဒါကို ဖြစ်မြောက်အောင်လုပ်နိုင်တာတော့ မဟုတ်။ လိုအပ်တဲ့လူတွေကိုပေးနိုင်ဖို့ဆိုတာ အားလုံးပူးပေါင်းပါဝင်မှုရသည်။ အခု မိုင်တို့ရဲ့ ကိုဗစ်ကာကွယ်တားဆီးရေးဆိုင်ရာ အကူအညီပေးတဲ့ကိစ္စ တစ်ခုတည်းကြည့်မယ်ဆိုရင်တောင် လိုအပ်တဲ့သူတွေကိုဖြည့်ဆည်းဖို့ လူအား၊ ငွေအား၊ အကြံဉာဏ်နဲ့ နည်းပညာတွေ အများကြီးလိုအပ်သည်မဟုတ်လား။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မေတ္တာအဖွဲ့ရဲ့ ပူးပေါင်းကူညီမှုသာမပါရင် ငွေအားမှာလိုအပ်ချက်ရှိနေမှာ။ ငွေရှိပြီဆိုဦးတော့... မြေပြင်မှာ အမှန်တကယ်လိုအပ်နေသူတွေဆီရောက်ဖို့ဆိုရင် လိုအပ်ချက်ရှိတဲ့နေရာတွေ၊ လိုအပ်ချက်ရှိတဲ့သူနဲ့ အဓိကလိုအပ်တဲ့အရာတွေကို ရွေးချယ်နိုင်ဖို့လိုသေးသည်။ ဒါက အကူအညီပေးမှုနဲ့ဆိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ အဖွဲ့အစည်းတွေရဲ့ ကျင့်ဝတ်တွေ၊ စည်းမျဉ်းတွေနဲ့ဆိုင်သွားပြီ။ ဦးစားပေးလိုအပ်သူတွေ၊ ဦးစားပေးလိုအပ်ချက်တွေကို ဦးတည်ချက်ထားပြီးအကူအညီပေးရမယ်ဆိုတဲ့ အကူအညီပေးရေးဆိုင်ရာကျင့်ဝတ်တွေကို မိုင်တို့အဖွဲ့အစည်းက ကျင့်သုံးမှပဲ လိုအပ်တဲ့သူတွေကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်သည်။

အဖွဲ့အစည်းကိုယ်တိုင်က ဒီလိုကျင့်ဝတ်စည်းကမ်းတွေမရှိရင် လိုအပ်ချက်ရှိသူတွေကို မိုင်ဖြည့်ဆည်းချင်တဲ့ဆန္ဒရှိလည်း မပြည့်နိုင်ဘူးမဟုတ်လား။ ကိုယ့်အဖွဲ့အစည်းမို့ ပြောတာမဟုတ်ပါ။ မိုင်တို့အဖွဲ့အစည်းက လိုအပ်ချက်ရှိသူကို ဦးတည်ချက်ထားပြီးဖြည့်ဆည်းဖို့ စည်းမျဉ်းတွေအပြင် မသန်စွမ်း၊ သက်ကြီးရွယ်အို၊ အမျိုးသမီး နဲ့ ကလေးသူငယ်တွေကို ဦးစားပေးရွေးချယ်ဖို့ စည်းမျဉ်းတွေပါရှိလို့ မိုင်ကျေနပ်မိတာ အမှန်ပင်ဖြစ်သည်။

ပြန်တွေးတိုင်း AHCT နဲ့ ဒုတိယမြို့နယ်က အုပ်ချုပ်ရေးမှူးကို မိုင်ကျေးဇူးတင်သည်။ သူတို့ကူညီလို့သာ မိုင်တို့တွေ ဒုတိယမြို့နယ်မှာ ထိထိရောက်ရောက်လုပ်နိုင်တာဖြစ်သည်။ ဒီလိုဖြစ်လာဖို့ဆိုတာ ချိတ်ဆက်လုပ်ဆောင်မှုက အဓိကဖြစ်သည်။ မိုင်တို့အဖွဲ့အစည်းက ဘယ်နေရာမှာ ဘာလုပ်လုပ် မြေပြင်မှာ အဓိကလုပ်နေတဲ့အဖွဲ့တွေနဲ့ ပူးပေါင်းချိတ်ဆက်လုပ်ဆောင်တဲ့ အလေ့အထကို ကျင့်သုံးသည်။ ချိတ်ဆက်လုပ်ဆောင်မှုနဲ့ ကွန်ရက်တွေရဲ့အားကို ဒီစီမံကိန်းမှာ မိုင် ကောင်းကောင်းသဘောပေါက်

သွားသည်။ ကြိုတင်ခန့်မှန်းတွက်ဆလို့မရတဲ့ လိုအပ်ချက်တွေကို ပြည်သူတွေပါဝင်တဲ့၊ အရပ်ဖက်အဖွဲ့အစည်းတွေပါဝင်တဲ့ ဒီကွန်ရက်တွေက အများကြီးဖြည့်ဆည်းပေးသွားတာ တွေ့ရသည်။ Quarantine Centre ရှိပြည်သူများအတွက် အစားအသောက်နှင့် အရေးပေါ်လိုအပ်ချက်များကို AHCT ရဲ့ ကွန်ရက်ထဲမှာ သတင်းပေးလိုက်တဲ့အတွက် အားလုံးဝိုင်းဝန်း ထည့်ဝင်ကြသည်။

တစ်ခါကဆိုလျှင် မကွေးတိုင်း၊ နတ်မောက်မြို့က လူငယ်တွေ ဦးဆောင်တဲ့ "မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ"အဖွဲ့အမည်နဲ့ ထည့်ဝင်လှူဒါန်းတာ မိုင်တွေ့ရသည်။

"ငါ့လိုပဲ သူများကိုကူညီရလို့ ပျော်တဲ့သူတွေ တို့နိုင်ငံမှာ အများကြီးရှိသေးပါလား"လို့ မိုင်တွေးမိပြီး ဝမ်းသာရသည်။ အဲ့ဒီတုန်းက မိုင်တို့ စီမံကိန်းမှာမပါတဲ့၊ တိုက်ပွဲတွေဖြစ်နေတဲ့ တခြားမြို့က Quarantine Centre မှာ ကိုယ်ဝန်ဆောင်နဲ့ကလေးတွေအတွက် ခြင်ထောင်၊ ဆေးဝါးနဲ့ အာဟာရတွေလိုအပ်လို့ ရုတ်တရက် အကူအညီတောင်းခံလာခဲ့သည်။ မိုင်လည်း စီမံကိန်းက လက်ကျန်ဘတ်ဂျက်ကို ရုံးရဲ့အတည်ပြုချက်တောင် မစောင့်ဘဲ ပေးခဲ့လိုက်သည်။ ကိုဗစ်အပြင် သွေးလွန်တုပ်ကွေးပါဖြစ်နေလို့ ခြင်ထောင်မပါဘဲ ကလေးတွေနဲ့ ကိုယ်ဝန်ဆောင်တွေကို မအိပ်စေချင်တဲ့စေတနာနဲ့ မိုင့်အနေနဲ့ ဒီလိုဆုံးဖြတ်ပြီး လုပ်ခဲ့ခြင်းဖြစ်သည်။ ဖြစ်ချင်တော့ ရှိတဲ့ငွေနဲ့ မလောက်တော့ AHCT ကွန်ရက်ကနေတစ်ဆင့် အကူအညီတောင်းလိုက်ရာ နာရီပိုင်းအတွင်း အလှူရှင်ပေါ်လာခဲ့သည်။ အဲ့ဒီတုန်းက တစ်ခါမှ မမြင်မတွေ့ဖူးဘဲနဲ့ လှူပေးခဲ့တဲ့အလှူရှင်တွေကို ကျေးဇူးတင်ရသလို စီမံကိန်းလျာထားချက်မှာမပါတဲ့ကိစ္စတစ်ခုကို အခြေအနေနဲ့ လိုအပ်ချက်ကိုကြည့်ပြီး ဆုံးဖြတ်ခွင့်ပေးခဲ့တဲ့ မိုင်တို့ရုံးကိုလည်း ကျေးဇူးတင်သည်။ လျာထားငွေမဟုတ်တဲ့ အသုံးပြုမှုအတွက် ဖြေရှင်းလွှာကို စီမံကိန်းအရာရှိက နားလည်မှုရှိစွာ သေချာရေးပေးခဲ့သည်။

သေချာပြန်တွေးကြည့်တော့ မိုင့်အတွက် အဖြေရပါသည်။

လိုအပ်ချက်ရှိနေတဲ့ လူသားတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ဆိုတာ ဒီလိုဖြည့်ဆည်းပေးချင်တဲ့သူတွေ ရှိဖို့လိုပါသည်။ သို့သော် လိုအပ်သူတွေရဲ့လက်ထဲကို အကူအညီတွေရောက်ဖို့ဆိုရင်တော့ မမြင်နိုင်တဲ့ အကြောင်းခြင်းရာများစွာ စုဆုံဖြစ်တည်၊ သက်ဝင်လှုပ်ရှားနေဖို့လိုပါသည်။ ဟုတ်ပါသည်။ ဒီလိုမမြင်နိုင်တဲ့ အကြောင်းခြင်းရာများစွာစုဆုံခြင်းကြောင့် ဒုတိယမြို့က Quarantine ဝင်သူတွေ အဆင်ပြေခဲ့သည်။ ပထမမြို့ Quarantine

Centre က ပြည်သူတွေ မိလ္လာနံ့ကင်းခဲ့သည်။ Quarantine ဝင်နေတဲ့ ပြည်သူတွေ ခြင်ရန်ရှင်းခဲ့သည်။

သည့်အတွက် မိုင်ပျော်ပါသည်။

"မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှတိုင်းရင်းသားညီအစ်ကိုမောင်နှမများ" ဆိုသူတွေလည်း ပျော်ပါလိမ့်မည်။

**လုချီနှင့် သန်း(ဂ်)စွန်း**

❒


မျက်ရည်
လုဦ
၂၁

အခန်း (၁)

"အို… ရော်ဟိမ်ရယ် သွားပါပြီ၊ ဒီသတင်း ရှင် ဘယ်ကကြားလာတာလဲ၊ သေချာကော ကြားခဲ့တာဟုတ်ရဲ့လား၊ ကလေးတွေရဲ့ကျောင်းက ဘာဖြစ်လို့ ပြန်ပိတ်လိုက်ရတာတုန်း"ဟုဆိုကာ ဟာလီမာ (ရော်ဟိမ့်အမျိုးသမီး) သည် ငိုကြီးချက်မနှင့် ငိုနေပါတော့သည်။ "အခုပဲ ငါ့ဆီကို သားနဲ့သမီးကျောင်းက ဖုန်းဆက်လာတာ၊ စစ်တွေမှာ ပိုးတွေ့လူနာတွေအများကြီး ပြန်တွေ့လို့ ကျောင်းတွေ ပြန်ပိတ်လိုက်ပြီတဲ့။ ခုနလေးတင်ပဲ ဦးခိုင်စိုး (ရခိုင်လူမျိုး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး) ကလည်း ရွာကစာသင်ကျာင်းတွေကို ပိတ်ထားဖို့နဲ့ လူစုလူဝေးမလုပ်ဖို့ မိုဟာမက်ဂျာကဲရ် (ရာအိမ်မှူး) ဆီ ဖုန်းဆက်တယ်ပြောတယ်။"

ကလေး (၄) ဦး၏မိခင် ဟာလီမာသည် သူ့ကလေးများ ကျောင်းတစ်နှစ်အောက်သွားမည်စိုး၍ ငိုနေရခြင်းမဟုတ်ပါ။ ၂၀၁၂ ခုနှစ်တွင် လူမျိုးရေးပဋိပက္ခဖြစ်ပြီးကတည်းက မွတ်ဆလင်လူမျိုး (မွတ်ဆလင်လူမျိုးဟု သူတို့ကိုယ်သူတို့ ညွှန်းဆိုသည်) များသည် ယခင် ၂၀၁၂ ခုနှစ် မတိုင်ခင်ကလို ရွာအပြင်ဘက်သို့ အလွယ်တကူထွက်၍ မရတော့ပေ။ မည်သည့်အကြောင်းကြောင့်နှင့်မှ ရခိုင်ရွာများနှင့် ကျောက်တော်မြို့သို့သွား၍ မရတော့ပါ။ မွတ်ဆလင်ကလေးများအားလုံးသည်လည်း ယခင်လို အစိုးရကျောင်းထား၍ မရတော့။ မူလတန်းကျောင်းကိုတော့ ရွာတွင် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုက ဆရာ၊ ဆရာမများ ငှားပေးထားသဖြင့် အဆင်ပြေနေသော်လည်း အလယ်တန်းနှင့် အထက်တန်းရောက်သည့်အခါတွင် မွတ်ဆလင်ရွာကြီးဖြစ်သည့် ပုဂ္ဂလိကကျောင်းရှိရာ စွယ်တော်ရွာသို့ သွား

ထားကြရသည်။

စွယ်တော်ရွာသည် ဟာလီတို့နေသည့် ရွှေတောင်ရွာနှင့် တစ်နာရီကျော်ကျော် စက်လှေဖြင့်သွားရသည်။ ကျောင်းသားများကို ပုဂ္ဂလိကကျောင်းအဆောင်မှာသော်လည်းကောင်း၊ အသိမိတ်ဆွေများနှင့် ဆွေမျိုးများအိမ်တွင်သော်လည်းကောင်း ထားကြရသည်။ မည်သည့်နေရာတွင်ထားသည်ဖြစ်စေ ကျောင်းသားတစ်ဦး၏ နေစရိတ်နှင့် စားစရိတ်တို့အတွက် တစ်နှစ်လျှင် စပါးတောင်း (၂၀၀) သွင်းရသည်။ တင်းအားဖြင့်ဆိုလျှင် တင်း (၁၀၀) ဖြစ်သည်။ ဟာလီမာနှင့် ရော်ဟိမ်တွင် သားသမီး (၄) ဦးရှိသည်။ အကြီးဆုံးမှာ (၁၇) နှစ်ရှိပြီး (၁၀) တန်းတက်နေသည်။ ဒုတိယသမီးလေးမှာ ၁၅ နှစ်ရှိပြီး (၈) တန်းနှင့် တတိယသမီးမှာ ၁၁ နှစ်နှင့် (၄) တန်းအသီးသီးဖြစ်သည်။ အငယ်ဆုံးသားလေးမှာ ၄ နှစ်သာရှိသေးသည်။ ထို့ကြောင့် အကြီး ၂ နှစ်ဦးကို စွယ်တော်ရွာသို့ ကျောင်းသွားထားရသည်။ သို့ဖြစ်ရာ ဟာလီနှင့်ရော်ဟိမ်သည် ကလေးနှစ်ဦး နေစရိတ်အတွက် တစ်နှစ်လျှင် စပါးတောင်း (၄၀၀) သွင်းရသည်။ ယခုလည်း ပထမတစ်ရစ်အနေဖြင့် တောင်း (၂၀၀) သွင်းပြီးဖြစ်သည်။ ထို့အပြင် အစိုးရကျောင်းမဟုတ်သည့်အတွက် ဆရာဆရာမများကိုလည်း ကျောင်းသားမိဘများကသာ လစာပေးရသည်။ ထို့ကြောင့် တစ်လလျှင် သားနှင့်သမီးအတွက် ငွေသားအနေဖြင့်လည်း တစ်သိန်းကျပ်ခန့် ထပ်ဆောင်းကုန်ရသေးသည်။

"ဟာလီရယ်.... ငိုမနေပါနဲ့တော့လား၊ ငါတို့တွေပဲဖြစ်တာ မဟုတ်ဘူး... အခုက တစ်ကမ္ဘာလုံးဖြစ်နေတာ"ဟု ရော်ဟိမ်က နှစ်သိမ့်သည်။ ထိုအခါ ဟာလီက ငိုနေရင်းနှင့် "စပါး (၂၀၀) သွင်းထားတာ ကျွန်မတို့ရှိတာအကုန်နော် ရော်ဟိမ်။ ပြန်အမ်းပေးပါတော့မလား။ ကျွန်မကတော့ မထင်ပါဘူး။ နောက်ထပ် ကျွန်မတို့မှာ စပါးမရှိတော့ဘူး။ သားနဲ့သမီးလည်း ရွာပြန်လာရတော့မှာဆိုရင် ကျွန်မတို့ ဘာစားနေကြမလဲ။ အခုက ရွာအပြင်လည်း ထွက်မရဘူးလေ။ အလုပ်အကိုင်ကလည်း ရှားတယ်။ ကျွန်မကိုလွှတ်ထားပေးပါ... ခဏတော့ ငိုပါရစေ"

၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဟာလီတို့သည် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်းမှ လူတစ်ဦးအတွက် တစ်လလျှင် စားစရိတ် (၁၅၀၀၀) ကျပ်နှုန်းဖြင့် ပံ့ပိုးပေးခဲ့ရာ မိသားစုဝင်ခြောက်ဦးအတွက် တစ်လလျှင် ငွေသား (၉၀၀၀၀) ကျပ် ရရှိခဲ့သဖြင့် ထိုငွေသည် ကလေးကျောင်းစရိတ်အတွက် များစွာအထောက်အကူပြုခဲ့သည်။ သို့သော် ၂၀၂၀ မှစ၍ ဟာလီတို့မိသားစုမှာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်း၏ ပံ့ပိုးမှုရသည့်အထဲတွင်

မပါတော့ပါ။ သို့သော်လည်း ဟာလီတို့ လင်မယားမှာ သားအကြီး ရာဇီ (၁၀) တန်းတက်သည့်နှစ်ဖြစ်၍ ခက်ခဲသော်လည်း ရှိသမျှအကုန်ရင်းပြီး ပံ့ပိုးမည်ဟု အားခဲထားခဲ့သည်။ ဟာလီသည် ကလေးတွေကျောင်းပြန်ပိတ်လိမ့်မည်ဟု တွက်မထားမိ။ ထိုသို့ကြိုတင်တွက်ချက်ထားနိုင်အောင်လည်း ဘာသတင်းကိုမှ ကြိုတင်သိထားရသည် မဟုတ်ပေ။ သူတို့အိမ်တွင် ဖုန်းတစ်လုံးသာရှိပြီး စကားပြောဖို့လောက်သာ သုံးရသည်။ အင်တာနက်လိုင်းမကောင်းသည်ကတစ်ကြောင်း၊ ဖုန်းဘေလ်မတတ်နိုင်သည်က တစ်ကြောင်းကြောင့် ဘာသတင်းမှ မသိရမဖတ်ရသည့်အတွက် ရောဂါ၏အတိုင်းအဆကို သူမသိပါ။ ဟာလီသည် ရှစ်တန်းအထိ ပညာသင်ခဲ့ပြီး စာတော့ရေးတတ်ဖတ်တတ်ပါသည်။ သူတို့တုန်းကတော့ အစိုးရကျောင်းတက်ရသောကြောင့် စားစရိတ်နှင့် နေစရိတ်မှလွဲ၍ အပိုဆောင်းမကုန်ခဲ့ပေ။ နေစရိတ်ဆိုသည်မှာလည်း ဆွေမျိုးအိမ်၊ အသိမိတ်ဆွေအိမ်တွင်နေသောကြောင့် ယခုလို စပါးတောင်း (၂၀၀) အထိ ပေးခဲ့ရခြင်းမဟုတ်ခဲ့ပေ။

ရော်ဟိမ် ဟာလီ့အပေါ် ကိုယ်ချင်းစာပါသည်။ ဟာလီက နေ့တိုင်း မီးဖိုချောင်မှာ ဒီမိသားစုစားဖို့ စီမံရသူ။ သည်တော့ သူ့ခမျာလည်း ပူပင်သောကရောက်ပြီပေါ့။ ရော်ဟိမ် ဘာလုပ်ရပါမည်နည်း။ ဟာလီ့ မျက်နှာညှိုးနွမ်းနေသည့်အခါတိုင်း ရော်ဟိမ်က တစ်ခုခုတော့ လုပ်ပေးချင်သည်။ အဆင်ပြေစေချင်သည်။ ဟာလီနှင့် သားသမီးလေးဦးတို့ကို ရော်ဟိမ် မပူမပင်ထားချင်လှသည်။ သို့သော် အခြေအနေက ပို၍ဆိုးလာသည်ပဲရှိသည်။ ဟာလီမျက်နှာတွင်လည်း အရင်လို အပြုံးမမြင်တာကြာပြီဖြစ်သည်။

နောက်ရက်တွင် စွယ်တော်ရွာသို့ သားနှင့်သမီးကိုသွားခေါ်ရန် ရော်ဟိမ် သွားရသည်။ ရွာတွင် သူတို့လို စွယ်တော်ရွာသို့ ကျောင်းသွားထားသည့် ကျောင်းသားမိဘများနှင့်အတူ သွားရသည်။ ကျောင်းသားမိဘများ စက်လှေပေါ်တွင် သွင်းထားသည့် စပါးပြန်ထုတ်ရရေးကိစ္စ ဆွေးနွေးကြသည်။ သို့သော် သူတို့ ကလေးများမှာ တစ်စုတစ်စည်းထဲ တစ်နေရာတွင်ပဲ ထားသည် မဟုတ်ပါ။ သူတို့အနေဖြင့် ညအိပ်ညနေခရီးသွား၍ ရသူများလည်းမဟုတ်လေတော့ ထိုဆွေးနွေးမှု အစောပိုင်းတွင် မျှော်လင့်ချက်ရောင်ခြည် မြင်ရပါသော်လည်း နောက်ဆုံးတော့ မျှော်လင့်ချက်သိပ်မရှိလှ။ သည်ကိစ္စမျိုးကလည်း နှစ်ဦးနှစ်ဖက် အေးအေးဆေးဆေး ရှိသည့်အခါမှ ညှိနှိုင်းသင့်သည် မဟုတ်လား။ ရော်ဟိမ်တို့လို နေ့ချင်းပြန်သာ ခရီးသွားခွင့်ရှိသူများအတွက် ထိုသို့သော အချိန်ယူညှိနှိုင်းရမည့်ကိစ္စဆိုလျှင် ခက်ခဲလှသည်။ ဒါကလည်း မွတ်ဆလင်ရွာအချင်းချင်းမို့ ပြီးတော့ ကျောင်းသားကိစ္စဖြစ်လို့သာ သွားလာ

ခွင့်ရခြင်းဖြစ်သည်။ စွယ်တော်ရောက်တော့ သူတို့တတ်နိုင်သလောက် ကျောင်းသားများ၏ အိမ်ရှင်၊ အဆောင်ရှင်တို့နှင့် ညှိကြပါသည်။ သို့သော်လည်း အိမ်ရှင်နှင့်အဆောင်ရှင်တို့က "နောက်နှစ်ကျရင် ကြည့်လျှော့ပေးပါမယ်"ဆိုသည့် စကားကလွဲ၍ မည်သူမျှ သွင်းထားသည့်စပါးကို ပြန်မရလာခဲ့ကြပေ။ သူတို့ကလည်း အိမ်ရှင်၊ အဆောင်ရှင်တွေနှင့် အဆင်မပြေလျှင် နောက်နှစ် ကိုယ့်သားသမီးထားစရာနေရာမရှိမှာစိုး၍ စောဒကမတက်ရဲကြပါ။

သည်လိုနှင့် ကလေးတွေလည်း ရွာသို့ပြန်ရောက်လာပြီဖြစ်သည်။ ရော်ဟိမ်နှင့်သားကြီး ရာဖီတို့က မိသားစုဝမ်းစာအတွက် ရွာနားချောင်းထဲငါးရှာ ဖားရှာအလုပ်ကို လုပ်ရသည်။ စစ်ဘေးကိုလည်း ကြောက်ရ၊ ကိုဗစ်-၁၉ ကိုလည်း ကြောက်ရသော်လည်း မိသားစုစားဖို့သောက်ဖို့အတွက် ဒီအလုပ်ကို ရပ်ထားလို့မရပါ။ မိုဟာမက်ဂျာကဲရ် (ရာအိမ်မှူး)က အိမ်မှာပဲနေရန် အစိုးရကညွှန်ကြားထားသည်ဟု ပြောထားသော်လည်း ဝမ်းရေးကရှိသေးသည် မဟုတ်လား။ တစ်နေ့လုပ်မှ တစ်နေ့စားရသူများ အိမ်မှာနေလျှင် ငတ်သေဖို့သာရှိသည်။

ဟာလီသည် ကျန်းမာသည်ဟူ၍မရှိပေ။ သူ့ကျန်းမာရေးမှာ တစ်နေ့ရွှေ တစ်နေ့ငွေဖြစ်နေသည်။ ဟာလီ့ရောဂါမှာ လိပ်ခေါင်းရောဂါဖြစ်သည်။ သူမမှာ အစားအသောက်ကအစ သတိထားရသည်။ ဝမ်းချုပ်၍မရပေ။ အလေးအပင်လုပ်၍ မရပေ။ ငြိမ်ငြိမ်လေးနေမှရသည်။ မကြာခဏဆိုသလို ရော်ဖိတ် (ရွာထဲမှ ရမ်းကု)နှင့် ပြနေရသူဖြစ်သည်။

သည်လိုနှင့် ဩဂုတ်လကုန်ခါနီးတွင် တစ်ရွာလုံးလိုလို ဖျားသည်။ ထိုအထဲတွင် ဟာလီလည်းပါသည်။ ဟာလီကနေတစ်ဆင့် မိသားစုဝင်အားလုံးဆီ ကူးသွားပုံရသည်။ မိသားစုအားလုံး အပြင်းဖျားကြသည်။ ရော်ဟိမ် စိတ်မကောင်းဖြစ်ရသည်။ အိမ်တွင် ဆေးနှင့်တူတာ ဘာမှမရှိပေ။ "ပါရာစီတမော တစ်လုံးလောက်ပဲဖြစ်ဖြစ် ရရင်ကောင်းမှာပဲ"ဟု တွေးမိသည်။ မိသားစုဝင်အားလုံး မသောက်နိုင်သည့်တိုင် အငယ်ဆုံးသားလေးကိုတော့ သူတိုက်ချင်သည်။ သူ့ကလေးတွေ ခံစားနေရတာကိုကြည့်ပြီး "ဒီအဖျားအနာတွေအကုန်လုံး ငါ့ဆီသာ စုပုံကျလိုက်စမ်းပါတော့"ဟု သူရေရွတ်မိသည်။ ရော်ဟိမ်သည် "ကိုဗစ်ဆိုတဲ့ တိတ်တိတ်ပုန်း လူသတ်ကောင်များ ရောက်နေပြီလား။ သူ့မိသားစုသည် ဒီကိုဗစ်နဲ့ပဲသေရတော့မှာလား။ ဘယ်သူကအရင်ထွက်ခွာလေသူဖြစ်နေမလဲ" စသည်ဖြင့် တွေးလိုက်မိတိုင်း မျက်ရည်ပူများသည် အတွေးနဲ့အတူ စီးကျလာလေသည်။

ရော်ဟိမ်သည် သားသမီးများနှင့် ဇနီးသည်ဟာလီ့ကို ဆေးကုသမပေးနိုင်သည့် သူ့အဖြစ်ကို သူအလွန်မုန်းသည်။ သူဘာလုပ်ပေးရမည်နည်း။ ဘယ်သူကို အကူညီတောင်းရပါမည်နည်း။ ရော်ဟိမ်တွေးနေစဉ်မှာပဲ ဟာလီက "ရော်ဟိမ် ကလေးတွေ အပူတော်တော်ကြီးနေတယ်။ လုပ်ပါဦး"ဟုဆိုကာ ရှိုက်ကြီးတငင် ငိုပါတော့သည်။ ရော်ဟိမ်သည် ဟာလီငိုနေသည်ကိုပင် ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိတော့ပါ။ သူ့တွင်ပြောစရာစကား၊ ဖြေစရာအဖြေမရှိတော့ပြီ။ သို့သော်သူ့ရင်ထဲမှာတော့ ဟာလီနှင့်အတူ ငိုကြွေးနေပါလျက် သက်ပြင်းရှည်ချနေလိုက်တော့သည်။ ရော်ဟိမ်တို့လင်မယားနှင့် ကလေးအကြီးသုံးဦးတို့မှာ စဖျားပြီး သုံးရက်မြောက်နေ့တွင် ဘာဆေးမှမကုလိုက်ရဘဲ အဖျားရှိန်လျော့လာပြီဖြစ်သည်။ သို့သော်လည်း သားအငယ်လေးကတော့ အဖျားကြီးနေဆဲဖြစ်သည်။

ရှိသည့်ငွေအနည်းငယ်သည်လည်း သားနှင့်သမီးကို ပြန်သွားခေါ်တုန်းက လမ်းစရိတ်ဖြစ်သွားခဲ့ပြီ။ မိုဟာမက်ဂျာကဲရ် (ရာအိမ်မှူး) က ဦးခိုင်စိုး (ရခိုင်လူမျိုး ဒိုင်နယ်အုပ်ချုပ်ရေးမှူး)ဆီဖုန်းဆက်၍ တစ်ရွာလုံးဖျားနေကြောင်း သတင်းပို့သည်။ ဦးခိုင်စိုးက အုပ်စုရွာတွင် တာဝန်ကျနေသော သူနာပြုဆရာမကို လွှတ်လိုက်သည်။ ရော်ဟိမ်မျက်လုံးများတွင် မျှော်လင့်ချက်ရောင်ခြည်လေးသမ်းလာသည်။ သူက သူနာပြုဆရာမလေး ဘယ်မှာဆေးကုပေးနေသလဲကို စနည်းနာရန် အရင်သွားသည်။ ဟာလီက ရော်ဟိမ်ပြန်လာရင် သူနာပြုဆရာမဆီသွားဖို့ သားငယ်လေးကို အဝတ်လေးကြိုလဲထားနှင့်သည်။ သိပ်မကြာလိုက်ပဲ ရော်ဟိမ်တစ်ယောက် အရုပ်ကြိုးပြတ်သလို နွမ်းခွေညှိုးငယ်လျက်ပြန်လာသည်။ ဟာလီက "ရော်ဟိမ် ဘာဖြစ်လို့လဲ နင့်မျက်နှာ မကောင်းပါလား။ ဘာလဲ ဆရာမပြန်သွားပြီလား။ ပြောစမ်းပါဦး"ဟုမေးသည်။

"ဟာလီရေ.... ဆရာမက လူနာတစ်ယောက်ကို ဆေးဖိုး တစ်သောင်းခွဲ၊ နှစ်သောင်းယူတယ် ပြောတယ်"

ဟာလီ ဘာမှပြန်မပြောနိုင်တော့...။ သားငယ်လေးကို တင်ပုလ္လင်ခွေထိုင်ချီလျက်က အဖျားကြီးနေသည့်သားကိုကြည့်ရင်း ခန္ဓာကိုယ်ကိုလှုပ်ရမ်းချော့သိပ်လို့သာနေတော့သည်။ ဟာလီ အော်ဟစ်ငိုပစ်ချင်သည်။ သို့သော်သားကိုတော့ "မား (အမေ) ရှိတယ်နော် သား။ သား သက်သာခါနီးပြီ"ဟု ရေရွတ်သံလား၊ အားပေးသံလား သူကိုယ်တိုင်တောင် မသဲကွဲသည့်အသံဖြင့်ပြောလိုက်မိသည်။ သူ့ရင်တွေပူလောင်နေတာပဲ သိတော့သည်။ ရော်ဖိတ် (ရမ်းကု)ကလည်း သူကိုယ်တိုင်ဖျားနေသောကြောင့်ကော သူ့တွင် ပေးစရာ

ဆေးမရှိတာကြောင့်ကော လူနာမကြည့်သေးပေ။

"ရော်ဟိမ် ဘယ်လိုလုပ်မလဲ... ကျွန်မတို့မွေးထားတဲ့ထဲက ကြက် (၂) ကောင်တော့ ရောင်းတန်နေပါပြီ... ရောင်းလိုက်ပြီး ဆေးခန်းသွားရအောင်"

"ဟာလီ ငါဘယ်မှာ သွားရောင်းရမလဲ။ ရွာထဲက ဘယ်သူဝယ်နိုင်မှာ တုန်း။ ငါတို့က ရွာအပြင်မှထွက်မရဘဲ"

ဟာလီ တော်တော်ကြာတဲ့အထိ ငြိမ်သက်သွားသည်။ ပြီးမှ...

"နေဦး... ရော်ဟိမ်၊ ငါ့ကျောင်းနေဘက်သူငယ်ချင်း (ရခိုင်လူမျိုး သူငယ်ချင်း) လှလှရီတို့က ဟာလီကို အကူအညီလိုရင်ပြောလို့ ပြောထား တယ်။ ဟာလီ သူတို့ဆီမှာ ကြက်ရောင်းဖို့ချိတ်ပေးပါလို့ အကူအညီ တောင်းကြည့်မယ်"

လှလှရီဆီ ဟာလီဖုန်းဆက်ကြည့်သည်။ ဟာလီသည် အကြောင်းစုံ ကို လှလှရီအား ပြောပြလိုက်သည်။ ဟာလီဖုန်းဆက်ချိန်တွင် လှလှရီနှင့် အတူ သူငယ်ချင်း စောမြလည်းရှိနေခဲ့သည်။ ကျောင်းနေဖက် သူငယ်ချင်း များဖြစ်သည့် လှလှရီနှင့်စောမြတို့က ဆေးခန်းပြမည့်ငွေကို သူတို့ဆီက ခဏယူသုံးနှင့်ရန် ပြောသည်။ သို့သော် လှလှရီနှင့် စောမြတို့နေသောရွာမှာ ဟာလီတို့ရွာနှင့် နာရီဝက်ခန့် စက်လှေစီးရသည်။ ထိုနေ့ညနေပိုင်းလောက် မှ သူတို့လာနိုင်မည်။ ဟာလီ ညနေပိုင်းကို အမြန်ရောက်ချင်လှသည်။ သားလေးက ဝမ်းပါသွားလာပါသည်။ ဟာလီနှင့်ရော်ဟိမ်တို့ သားလေး နားမှာစောင့်နေရင်း လှလှရီတို့ ဖုန်းဆက်မည့်အချိန်ကို စောင့်နေသည်။ လှလှရီနှင့်စောမြသည် စက်လှေကို အမျိုးသားများ လုပ်ငန်းခွင်ထဲသို့ ယူသွားသောကြောင့် ချက်ချင်းထွက်လာ၍မရဟုဆိုကာ ညနေ ၅ နာရီ လောက်မှ ငွေလာပို့နိုင်သည်။ သူတို့သည် ညနေစောင်းနေပြီဖြစ်သော ကြောင့်ဟုဆိုကာ ဟာလီ့အိမ်အထိမလာတော့ဘဲ ဟာလီ့အား ရွာကူးတို့ဆိပ် တွင် လာယူပေးရန် အကူအညီတောင်းလာသည်။ ဟာလီလည်း လှလှရီဆီ နှင့် ဖုန်းပြောပြီးသည်နှင့် ကူးတို့ဆိပ်ကို တန်းသွားခဲ့သည်။ ဟာလီရောက် တော့ လှလှရီတို့လည်း ရောက်နှင့်နေပြီဖြစ်သည်။ စောမြလည်း ပါသည်။

"ဟာလီ နင်နေကောင်းရဲ့လား" စောမြက မေးတော့

"အင်း" ကျွန်မကတော့ သက်သာနေပါပြီ သားလေးက ဝမ်းလည်း သွားနေတော့ စိတ်ပူရတယ်"ဟုဖြေရင်း ဟာလီမျက်ဝန်းတွင် မျက်ရည်များ စို့လာသည်။

စောမြက... "ဟာလီ... နင်လဲသွားလို့ရှိရင် နင့်သားသမီးတွေ ဘယ်သူ ကြည့်မှာတုန်း နင်စိတ်ခိုင်ခိုင်ထားမှပေါ့။ ငါတို့ဟာလီက တို့သူငယ်ချင်းတွေ

အားလုံးထဲ သတ္တိခဲလေးမဟုတ်လား။ အရင်က နင့်ရဲ့သတ္တိတွေ ဘယ်ရောက်ကုန်တုန်း"ဟုဆိုသည်။ သူငယ်ချင်းသုံးယောက် ရယ်ကြသည်။ လှလှရီက... "ဟာလီ... ရော့... နင့်အတွက် အချိုရည်နဲ့ သားလေးအတွက် မရွေးမုန့်ဝယ်လာတယ်"ဆိုပြီး မုန့်တွေကို ကမ်းပေးလိုက်သည်။

ဟာလီက... "ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်"ဟု ပြောနေချိန် မှာ၊ လှလှရီကပဲ "နင် အရမ်းပင်ပန်းနေတယ်။ အချိုရည်သောက်လိုက်ဦး"ဆိုကာ အချိုရည်ဘူးအဖုံးဖွင့်ပေးပြီး ဟာလီ့ကို သောက်စေပါသည်။ ဟာလီသည် အချိုရည်ကိုပင် ကုန်အောင်မသောက်လိုက်နိုင်ပါ။

"လှလှရီနဲ့စောမြရေ နင်တို့လည်း ငါ့အိမ်ကို ဝင်ပါထွက်ပါနော်။ ကျေးဇူးတင်တယ်နော်။ အခု ငါ သူနာပြုဆရာမ ရွာမှာရှိသေးလားသွားကြည့်လိုက်ဦးမယ်"

ဟာလီက သူငယ်ချင်းတွေကို သူကပဲ အရင်ခပ်သွက်သွက် နှုတ်ဆက်ပြီး ပိုက်ဆံ ၂၀၀၀၀ ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အပြေးတစ်ပိုင်း ပြန်လာသည်။ သူနာပြုဆရာမရှိရာ ကျေးရွာစာသင်ကျောင်းရောက်တော့ ဆရာမပြန်သွားနှင့်ပြီ၊ မနက်ဖြန်မှလာတော့မည်ဟု မိုဟာမက်ဂျာကဲရ်က ပြောသည်။ သားလေးကို နောက်ရက်တွင် သူနာပြုဆရာမနှင့် သွားပြခဲ့သည်။ တဖြည်းဖြည်းတော့ သားလေးသက်သာလာသည်။

မိသားစုစားဝတ်နေရေးအတွက် ဟာလီ့မှာရှိသည့်ငွေဖြင့် ချင့်ချိန်ချက်ပြုတ်ရသည်။ ဝင်ငွေနှင့်ထွက်ငွေမမျှတော့ ဆန်တစ်ပြည် ၉၀၀/- တန်စားရာကနေ ၈၀၀/- တန် စားရသည်။ ၈၀၀ တန် ဆန်က ဆန်လုံးကြီးပြီး တော်တော်မာသည်။ ဟာလီ့ကျန်းမာရေးအတွက် မကောင်းပေ။ တစ်ရက်တွင် ဟာလီ ထိုင်မရ၊ ထမရ၊ လှဲနေလို့လည်းမရ။ လိပ်ခေါင်းထဲက သွေးတွေ တစိမ့်စိမ့်ကျလာသဖြင့် လုံချည်တစ်ထည်ပြီးတစ်ထည် လဲရရာ၊ နောက်ဆုံးတွင် ရှိသည့်လုံချည်နှင့်ပင် မလောက်နိုင်လောက်အောင် ဖြစ်လာသည်။ ဝေဒနာကို ဆက်ပြီးသည်းခံ၍ မရတော့လောက်အောင် ခံရခက်လာသည်။ ဟာလီ သေချင်စိတ်တောင် ဖြစ်လာသည်။

"ရော်ဟိမ်ရေ... ငါသေတာပဲကောင်းပါတယ်"ဟုပြောတော့ ရော်ဟိမ်က အားမလျှော့။ "ဟာလီဆေးရုံသွားမှ ဖြစ်မယ်"ဟုဆိုသည်။

ဟာလီကတော့ ငြင်းဆန်သည်။

"မသွားဘူး မသွားဘူး ဘာပိုက်ဆံနဲ့သွားမှာလဲ။ ငါ့ကို ရော်ဖိတ် (ရွာထဲမှ ရမ်းကု)ကိုပဲ သွားခေါ်ပေး"

ရော်ဟိမ်က... "ရော်ဖိတ်နဲ့ ခဏခဏပြနေတာပဲ သက်သာတယ်မှ

မရှိတာ။ ငါရွာထဲ ပိုက်ဆံထွက်ရှာကြည့်မယ်"ဟုဆိုကာ ရွာထဲမှာ သူ ငွေလိုက်ချေးသည်။ ဆွေမျိုးတွေဆီမှာလည်း ချေးသည်။ ငွေ (၁၇၀၀၀) ကျပ်သာ ချေးလို့ရလာခဲ့သည်။ နောက်ဆုံးတော့ ရော်ဟိမ်သည် သူ့ ငါးဖမ်း ပိုက်နှင့် လှေကိုအပေါင်ထား၍ ငွေတစ်သိန်းခွဲကို ချေးခဲ့ရသည်။ အိမ်မှာ မွေးထားသည့် ရောင်းချိန်မတန်သေးသည့် ကြက် (၅) ကောင်ကိုလည်း ရသည့်စျေးနှင့် ရခိုင်ရွာဘက်က စျေးသည်တွေလာတော့ ရောင်းလိုက် သည်။ သုံးသောင်းခန့်ရသည်။ မတတ်နိုင်သည့်အဆုံး သားအကြီး ရာဇီကို လည်း ဦးလေးဖြစ်သူ ဖခင်ရော်ဟိမ်၏ အစ်ကိုဝမ်းကွဲ ငါးဖမ်းစက်လှေနောက် လိုက်ခိုင်းရသည်။

ရော်ဟိမ်သည် လက်ထဲငွေရောက်လာသည်နှင့် ရွာထဲက နာမကျန်း ဖြစ်၍ ဆေးရုံသွားပြမည့်သူများနှင့် အတူသွားရန် ချိတ်ဆက်ထားလိုက် သည်။ ဟာလီနှင့်အတူ ဆေးရုံသွားမည့် အခြားရွာသားသုံးဦးလည်းရှိ သည်။ ထို့ကြောင့် ဟာလီအပါအဝင် ဆေးရုံသွားမည့် လူနာ (၄)ဦးနှင့် လူနာစောင့် (၄) ဦး စုစုပေါင်း (၈) ဦးစာအတွက် လဝကထောက်ခံစာရရှိ ရေးအတွက် ပွဲစား (ဆေးရုံသွားလျှင်ချိတ်ပေးသူ) ဆီ ဖုန်းဆက်ပေးရန် မိုဟာမက်ဂျာကဲရ်ကို အကူအညီသွားတောင်းသည်။ ရော်ဟိမ်တို့ ရွှေတောင် ရွာတစ်ရွာလုံး အရေးကြီးလူနာ ဆေးရုံသွားမည်ဆိုလျှင် ထိုပွဲစားတစ်ဦး တည်းကိုသာ ဆက်သွယ်ရသည်။ ထိုပွဲစားသည်လည်း သူတို့လူမျိုးဖြစ် သည်။ သူကတစ်ဆင့် ရခိုင်ပွဲစားတစ်ဦးနှင့်ထပ်ချိတ်ပြီး ဆေးရုံသွားမည့် ကိစ္စကို လဝကထံမှ ပုံစံ (၄) ခေါ် ထောက်ခံစာကိုယူရသည်။ ထောက်ခံစာ ယူသည့်အခါ ဘယ်နေ့ယောက်သွားမည်၊ ဟိုရောက်လျှင် ဘယ်နေ့ည အိပ်ပါ မည်စသည်ဖြင့် ဖော်ပြပေးရသည်။ ထိုထောက်ခံစာရရန်အတွက် ပွဲစားကို လူတစ်ယောက်လျှင် (၂၅၀၀၀) ကျပ် ပေးရသည်။ ထောက်ခံစာကလည်း ကိုယ်လိုချင်သည့်အချိန် ချက်ချင်းမရပေ။ ပုံမှန်အားဖြင့် (၂) ရက်၊ (၃) ရက် ခန့် စောင့်ရလေ့ရှိသည်။

ရော်ဟိမ်တို့အဖွဲ့ကတော့ ကံကောင်းသည်ပဲပြောရမလား။ ပြောပြီး နောက်ရက်မှာပဲ ကားလွှတ်လိုက်မယ်၊ မနက် (၁၀) နာရီ ရွာကားလမ်းပေါ်က နေစောင့်နေဟု ပွဲစားက ညွှန်ကြားလိုက်သည်။ နောက်ရက်တွင် ဟာလီမှာ လမ်းပင်မလျှောက်နိုင်တော့၊ သားကြီးရာဇီနှင့် ရော်ဟိမ်က တာလမ်းရောက် အောင် မနည်းတွဲခေါ်သွားရသည်။ ဆေးရုံသွားမည့်လူနာ (၄) ဦးနှင့် လူနာ စောင့် (၄) ဦးတို့မှာ တာလမ်းပေါ်ရောက်နေကြပြီဖြစ်သည်။ ကားက မိနစ် (၃၀) ခန့်နောက်ကျပြီးမှရောက်သည်။ ဟာလီမှာ တာလမ်းပေါ်တွင်

အားတင်းရပ်ရင်း ရော်ဟိမ်လက်ကို ဆွဲကိုင်ဖျစ်ညှစ်ထားလျက် ဝေဒနာကို အလူးအလဲခံနေရသည်။ နေပူရှိန်ကလည်း မနက် ၁၀ နာရီပဲရှိသေးသည်ကို ပူပြင်းလွန်းလှသည်။ သစ်ပင်မရှိ၊ အရိပ်ခိုစရာမရှိ တောက်လောင်ပူပြင်းလှသော ရာသီဥတုကလည်း ဟာလီရဲ့ဝေဒနာကို ပိုမိုပြင်းထန်စေသလိုပင်။ အခြားသော ခရီးဖော် လူနာ (၃) ဦးတို့သည်လည်း ရောဂါကျွမ်းမှ ဆေးခန်းသွားသူများဖြစ်သဖြင့် တာလမ်းပေါ်တွင် ညည်းညူလျက်ရှိသည်။

ကားမရောက်ခင် ၁၅ မိနစ်ခန့်အလိုတွင် ပွဲစားက ဆိုင်ကယ်နှင့် ရောက်လာသည်။ ကားရောက်လာတော့ ပွဲစားကော၊ ဟာလီတို့အားလုံးကော ကားထဲဝင်ထိုင်လိုက်သည်။ အကုန်လုံးကားပေါ်ထိုင်သည်နှင့် ပွဲစားက ထောက်ခံစာကို သူနာမည်နှင့်သူပေးပြီး၊ တစ်ဦးလျှင် (၂၅၀၀၀) စီဖြင့် စုစုပေါင်းရှစ်ဦးအတွက် လေးသိန်းတောင်း၍ ဟာလီတို့အားလုံးပေးလိုက်ကြရသည်။ ပွဲစားကယူပြီးသည်နှင့် ကားပေါ်ကဆင်းကာ ဆိုင်ကယ်နှင့်ပြန်သွားသည်။ ရော်ဟိမ်တို့လင်မယားနှင့် ခရီးဖော်များကတော့ စစ်တွေဆေးရုံသို့ ဆက်လက်ထွက်ခွာလာကြသည်။ အပြန်ကျလျှင်လည်း ဒီကားနှင့်သာ ပြန်လာရပါမည်။ အသွားအပြန်အတွက် ကားခမှာ လူတစ်ဦးလျှင် ငါးသောင်းစီ ပေးရမည်ဖြစ်သည်။ ထို့ကြောင့် ဟာလီတို့လင်မယားသည် ကားခ (၁၀၀၀၀၀) ကျပ် ပေးလိုက်ရသည်။ သည်မျှလောက်ကျသည်ပင် ရော်ဟိမ်တို့အဖို့ ကံကောင်းလှပြီ၊ အကယ်၍သာ ခရီးဖော်မရှိ၍ တစ်ဦးတည်းသွားလျှင် ငွားခ (၂၅၀၀၀၀) ပေးရမည်လေ။

အရင်တုန်းကတော့ ရော်ဟိမ်တို့ စစ်တွေကို လိုင်းကားဖြင့် ခရီးတစ်ကြောင်းလျှင် (၅၀၀၀) ကျပ်ပေး၍ ကြိုက်တဲ့အချိန်သွား၍ရခဲ့သည်။ ၂၀၁၂ ခုနှစ် ကတည်းက ရော်ဟိမ်တို့အကုန်လုံး ထိုအခွင့်ရေးတွေဆုံးရှုံးခဲ့ပြီဖြစ်သည်။ အခြားလူမျိုးများကတော့ အရင်အတိုင်း ခရီးတစ်ကြောင်း (၅၀၀၀) နှင့် လိုင်းကားဖြင့် စစ်တွေသို့ နေ့ချင်းပြန်သွားလာနိုင်ကြသည်။ ဟာလီတို့မှာတော့ ထောက်ခံစာနှင့် ကားစီးလုံးငှားသွားရသော အခွင့်အရေးသာရှိပါသည်။

x x x x x x

## အခန်း (၂)

ရော်ဟိမ်နှင့်ဟာလီတို့ ရွာပြန်ရောက်ပြီဖြစ်သည်။ တင်ထားသည့် ကြွေးမြီများအတွက် ရော်ဟိမ်ပူပင်ရသည်။ ကိုယ့်လူမျိုးအချင်းချင်းမို့

အတိုးနှုန်းမပါဘဲ၊ အပေါင်ပေးထားသော်လည်း ဒီစက်လှေလေးနှင့် ငါးဖမ်းပိုက် အပေါင်ဆုံးသွားလျှင် မိသားစုဝမ်းရေး အခက်အခဲဖြစ်ပေတော့မည်။ ထိုစက်လှေနှင့် ငါးဖမ်းပိုက်သည် ရော်ဟိမ်တို့မိသားစု၏ တစ်ခုတည်းသော အဖိုးတန်ပိုင်ဆိုင်မှု ပစ္စည်းတစ်ခုဖြစ်သည်။ ရော်ဟိမ်သည် ပေါင်နှံထားသည့် စက်လှေနှင့်ပိုက်ကို ပြန်ငှားသည့်သဘောနဲ့ပြန်ယူကာ ချောင်းထဲ ငါးရှာဆင်းရသည်။ ယခင်ထက်အချိန်ပို၍ ချောင်းထဲဆင်း အလုပ်လုပ်ရပါတော့မည်။ မိုးတွင်းကာလ ငါးသလောက်ရာသီဖြစ်ပြီး ယခင်လို ငါးရှာသူလည်း သိပ်မများလှသောကြောင့် ရော်ဟိမ်နှင့်သူ့သား ကြိုးစားရကျိုးတော့နပ်ပါသည်။ ရခိုင်ဘက်မှ ရွှေတောင်ရွာသို့ ငါးလာကောက်လှေ့ရှိရာ နေ့စဉ်တစ်သောင်းဖိုးအနည်းဆုံးရောင်းရသည်။ ဒီစက်တင်ဘာလဆန်းပိုင်းမှာ ငါးအရအမိရှိတော့ လလယ်လောက်ကျရင် ရော်ဟိမ် သူ့စက်လှေနှင့်ပိုက်ကို ပြန်ရွေးနိုင်မည်ဟု မှန်းထားသည်။ အပေါင်ခံတဲ့သူက ရော်ဟိမ်တို့ အခက်ခဲကိုစာနာ၍ လှေနှင့်ပိုက်ကို ယူသုံးခွင့်ရှိသည့်တိုင် ရော်ဟိမ် စိတ်မဖြောင့်ပါ။ ဟာလီဆေးရုံဆင်းပြီး (၁၀) ရက်အတွင်း ငါးသောင်းလောက်တော့ အကြွေးဆပ်ပြီးဖြစ်ရာ သွင်းဖို့ တစ်သိန်းကျန်နေသေးသည်။

သို့သော် အလုပ်လုပ်မည်ဟု အရှိန်ယူတုန်းရှိသေးသည်။ နောက်ထပ်ဒုက္ခတစ်ခု ရော်ဟိမ်တို့ထံရောက်လာပြန်သည်။

ထို့နေ့က ချောင်းထဲကပြန်လာပြီး ရေမိုးချိုး ညနေစာစားပြီးချိန်တွင် သေနတ်သံများကြားခဲ့သည်။ သေနတ်သံကြားတော့ တစ်ရွာလုံး ထိတ်လန့်သွားကြသည်။ သေနတ်သံသည် ရော်ဟိမ်တို့ရွာနှင့်ဆိုလျှင် တစ်မိုင်ပင်မဝေးလှ။ ရွှေတောင်ရွာသူရွာသားများသည် ၂၀၁၂ ခုနှစ်တုန်းက တစ်ရွာလုံးရှိ စုစုပေါင်းအိမ်ခြေ (၁၇၄) လုံးမှာ မီးရှို့ခံထားရသောကြောင့် စစ်သံကြားလျှင်၊ သေနတ်သံကြားလျှင် မီးတောက်တွေမြင်လျှင် ကြောက်လန့်တကြားဖြစ်ဆဲ၊ အရင်က သူတို့ကြုံခဲ့သည့် ဒဏ်ရာဒဏ်ချက်များမှာ လတ်ဆတ်နေဆဲဖြစ်သည်။ ထို့ကြောင့် သေနတ်သံကြားကတည်းက ကလေးငယ်များသည်လည်း အမိအဖရှိရာသို့ ပြေးလာကြသည်။ အရေးအကြောင်းဆိုရင် ကလေးတွေကသိသည်။ အမိအဖရင်ခွင်အောက်ကိုပဲ ပြေးခိုကြသည်။ လိုက်ရှာစရာမလို။ တစ်ခဏချင်း တစ်ရွာလုံးမှာ တိတ်ဆိတ်ငြိမ်သက်သွားသည်။ မိမိတို့အိမ်တွင် အရေးပေါ်ဖြစ်လျှင် ရှောင်ရန်တူးထားသော မြေကျင်းထဲ ဝင်ပုန်းကုန်သည်။ နာရီဝက်ခန့်ဆက်တိုက် သေနတ်သံကြားနေရပြီး ညရှစ်နာရီခွဲခန့်တွင် ရွာနီးနားချင်းဖြစ်သော ရခိုင်ရွာတစ်ရွာ မီးရှို့ခံလိုက်ရသည်။ ထိုအခါ အမျိုးသမီးများနှင့် ကလေးငယ်များ၏

အော်ဟစ်ငိုကြွေးသံများကို ရော်ဟိမ် ကြားနေရပါသည်။

ထိုနေ့ညနေတွင် ရာသီဥတုကလည်းသာနေသဖြင့် မိုးကောင်းကင်သည် တိမ်များကင်းစင်လျက် ပင်လယ်ပြာလို ပြာလဲ့ကြည်လင်နေရာမှ ချက်ချင်းဆိုသလို ထုထည်ကြီးမားလှသည့် မီးခိုးမီးလျှံများဖြင့် တောက်လောင်နီမြန်းသွားလေတော့သည်။ ရော်ဟိမ်သည် မြေကျင်းတွင်းထဲမှာ ငုတ်တုတ်ထိုင်ရင်းနှင့်ပင် သူ့ခြေအစုံသည် မြေပေါ်နင်းထားရသည်ဟုမထင်၊ လေထဲမှာ ခန္ဓာကိုယ်တစ်ခုလုံး မြောက်ကြွနေသလိုစားရသည်။ သူ့ခေါင်းသည် ထူပူနေပြီး မျက်စိတို့က ဝေဝါးလာသည်။ ရော်ဟိမ်တို့ရွာကို ရောက်လာတော့မှာလား....။ ငါ့ကလေးတွေ.... ငါ့ကလေးတွေ...ငါဘာလုပ်ပေးရပါ့မလဲ။ ရော်ဟိမ်သေတာ အလ္လာအရှင်မြတ်ရဲ့သဘောပါ။ သို့ပေမယ့် အနာဂတ်ပျောက်ဆုံးနေတဲ့ ရော်ဟိမ်ရဲ့ကလေးတွေမှာ ရော်ဟိမ်ထပ်ပျောက်ဆုံးလို့မရသလို ရော်ဟိမ်တစ်ယောက်ပဲ မသေဘဲကျန်ခဲ့ပြီး ကျန်မိသားစုဝင်များတစ်ခုခုဖြစ်ခဲ့ရင်ကော ရော်ဟိမ် ဘာအတွက် အသက်ရှင်နေဦးမှာလဲ။ ထိုမီးတောက်တွေမရောက်လာဖို့ ရော်ဟိမ် အလ္လာအရှင်မြတ်ထံ ဆုတောင်းရုံကလွဲလို့ ဘာမှမတတ်နိုင်။ ဟာလီသည် ရော်ဟိမ်ဘေး ခြေထောက်ခေါက်ထိုင်လျက်အနေအထားဖြင့် သားငယ်၏နားနှစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်နှင့် အုပ်ထားပြီး ဘုရားစာရွတ်နေသည်။ ရော်ဟိမ်တို့ဆုတောင်းလေးတော့ ပြည့်ခဲ့ပါသည်။ ထိုနေ့ညက သူတို့ဘေးကင်းခဲ့သည်။

သို့သော် ရော်ဟိမ်တို့အလုပ်လုပ်ဖို့ အတားအဆီးဖြစ်ရပြန်ပါသည်။ သူတို့ ဘယ်မှမသွားရဲသလို၊ ချောင်းထဲလည်း မဆင်းရဲပါ။ ဘာလုပ်စားရပါတော့မည်နည်း။

ရက်အနည်းငယ်ကြာလာတော့လည်း ဝမ်းရေးအတွက် ရော်ဟိမ်တို့သားအဖ ကြောက်မနေနိုင်တော့။ ချောင်းသို့ဆင်းရပြန်ပါသည်။ ဟာလီကတော့ သူများဆီမှာ နေ့စားလေးပဲ သွားလုပ်ရအောင် ဆိုသည်။ ဟာလီက စစ်တပ်က ချောင်းထဲမှာလည်း မိုင်းတွေထောင်ထားသည်ဟု ရွာထဲက ကြားခဲ့တာကြောင့် ချောင်းထဲမဆင်းတော့ရန်တားသည်။ ငွေကြေးတတ်နိုင်သူတွေကလည်း အရင်လို အလုပ်သိပ်မခေါ်ကြ။ ရခိုင်ရွာဘက်ကလည်း ကိုဗစ်-၁၉ ရောဂါကြောင့် အရင်လို အလုပ်လုပ်ဖို့ လာမခေါ်ကြပါ။ အရင်နှစ်တွေကတော့ ရခိုင်ရွာဘက်ကလည်း လယ်ထဲအလုပ်လုပ်ဖို့ ရွာအထိလာခေါ်ကြသည်။ ထို့နောက် ရွာကို သူတို့ကပဲ ပြန်ပို့ပေးခဲ့ကြသည်။

ဟာလီပြောသည့်စကားမှန်သည်။ အောက်တိုဘာလဆန်းပိုင်းက ချောင်းထဲဆင်းသည့် ရွာသားတစ်ဦး၏ခြေထောက် ကျည်ဆံမှန်၍ ထုတ်ချင်း

ပေါက်သွားသည်။ အခုတော့ ရော်ဟိမ်တို့သားအဖလည်း ချောင်းထဲမဆင်းရဲ တော့ပေ။

၂၀၁၂ ခုနှစ်စ၍ လူမျိုးစုနှစ်ခုအကြား ပဋိပက္ခများ၊ အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသလို ၂၀၁၆- ၂၀၁၇ ခုနှစ်တွင်လည်း လက်နက်ကိုင်အင်အားသုံး အကြမ်းဖက် သတ်ဖြတ်မှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လူဦးရေသိန်းနဲ့ချီ ထွက်ပြေးခဲ့ရသည်။ ရခိုင်ပြည်နယ်တွင်ကျန်ခဲ့သည့် မွတ်ဆလင်များမှာ လည်း စစ်ဘေးရှောင်စခန်းများနှင့် မိမိတို့နေသည့် ကျေးရွာများတွင်သာ အကျယ်ချုပ်ပုံစံဖြင့် ပိတ်လှောင်ခံထားရပြီး ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေး ရောက်ရှိသူများနှင့်လည်း အဆက်အသွယ်မလုပ်ရန်လည်း အာဏာပိုင် များက ရော်ဟိမ်တို့ကို တင်းတင်းကြပ်ကြပ် ညွှန်ကြားခဲ့ပြန်သည်။ သို့ဖြစ် ရာ ရော်ဟိမ်တို့ရွာတွင် ၂၀၁၂ မှ ၂၀၁၇ ခုနှစ်အထိ ရွာတွင် မည်သူမျှ အဝင်အထွက်မရှိဘဲ နေခဲ့ရသည်။ ၂၀၁၈ ခုနှစ်မှသာ ရွာသို့ ရခိုင်ဈေးသည် တချို့ အဝင်အထွက်ရှိလာသည်။ ရခိုင်လုပ်ငန်းရှင်များကလည်း လယ်ယာ လုပ်ငန်းရာသီများတွင် ရော်ဟိမ်တို့ကို အသက်အာမခံချက်ပေး၍ အလုပ် လာခေါ်ကြသည်။ တချို့ရခိုင်လူမျိုး ရွာလူကြီးတွေကလည်း စိတ်ဓာတ် ပြင်းထန်လွန်းသည့် ရခိုင်လူမျိုးများကို အေးအေးချမ်းချမ်းနေဖို့ ထိန်းသိမ်း ပေးသည်ဟု ရော်ဟိမ်တို့ကြားရသည်။ ထိုနည်းတူ မွတ်ဆလင်လူကြီးများ ကလည်း လူငယ်များအား စိတ်ရှည်သည်းခံရန်နှင့် ပြဿနာကို အတတ်နိုင် ဆုံးရှောင်ရမည်ဟု ဆုံးမသည်။ ရေလိုက်ငါးလိုက်ပဲနေဖို့ ဆုံးမသည်။ ရော်ဟိမ်တို့အဖို့ ရွာနီးနားချင်း ရခိုင်လူမျိုးများနှင့် ဆက်ဆံရေးမှာ တင်းမာ သည့်အခြေအနေကနေ အပြုသဘောဘက်သို့ အနည်းအကျဉ်း ဦးတည် နေပြီလားဟု မျှော်လင့်တုန်းပဲရှိပါသေးသည်။

ယခုတော့ မြန်မာစစ်တပ်နှင့် ရခိုင်တပ်တော်(AA) တို့ကြားဖြစ်သည့် တိုက်ပွဲများကြောင့် ရော်ဟိမ်တို့မွတ်ဆလင်တွေဟာ ဝါးနှစ်ချောင်းကြားညှပ် ခံထားရမည့် ငါးလေးပမာ ကြုံနေရဦးမည်လားဟု ရော်ဟိမ်စိုးရိမ်လှပါ သည်။ အကယ်၍ စစ်တပ်ကလာ၍ ရော်ဟိမ်တို့ကို လက်နက်ပေးကာ ရခိုင်တွေကိုတိုက်ဆိုရင်လည်း သူတို့ငြင်းပယ်နိုင်မည် မဟုတ်ပေ။ ထိုအခါ ရခိုင်နှင့်ပြဿနာပြန်ဖြစ်ပါဦးမည်။ သို့တည်းမဟုတ် ရခိုင်တပ်တော်ဘက် က မြန်မာစစ်တပ်ကိုဝင်တိုက်ဖို့ စစ်ကူတောင်းလျှင်လည်း ထိုနည်းတူ ငြင်းပယ်နိုင်မည် မဟုတ်ပေ။ ထိုအခါ မြန်မာတပ်မတော်၏ သတ်ဖြတ်ခြင်း ကို ခံရနိုင်ဖွယ်ရှိသည်။ ယခုအခါတွင်လည်း တပ်မတော်က မွတ်ဆလင်ရွာ

များတွင် ယာယီစခန်းချခြင်းများရှိနေသည်။ ရော်ဟိမ်တို့မှာ နေ့စဉ်ရင်တထိတ်ထိတ်နှင့် ပူပင်နေရသည်။

ရော်ဟိမ် တွေးမိသည်။ သူတို့ဟာ အနိမ့်ဆုံးလူသားတွေသာ။ ဘာမှလုပ်ပိုင်ခွင့်မရှိသလို၊ ရောဂါဖြစ်လည်း ကုသမှုရယူဖို့ သူများထက် ခက်ခဲသည်။ လူမျိုးကျတော့လည်း သည်နိုင်ငံ၏ တိုင်းရင်းသားဟူ၍ သတ်မှတ်ခံထားရခြင်းမရှိတော့ သူများအနှိမ်ခံဘဝမှာနေရသည်။ စစ်ဖြစ်တော့လည်း မြေစာပင်ဖြစ်ရသည်။ လိုရာဆွဲသုံးလို့ရသည့် တိရစ္ဆာန်လောက်တောင် တန်ဖိုးထားမခံရသည့်ဘဝမျိုးမှာ နေနေရသည်။ ရော်ဟိမ် မွတ်ဆလင်ဖြစ်ရလို့ ဝမ်းမနည်းပါ။ တိုင်းရင်းသားဟု သတ်မှတ်မခံရလည်းရပါသည်။ လူသားလိုနေရသည့် လူ့အခွင့်အရေးတော့ လိုချင်မိသည်။ အကြောက်တရားတွေ၊ အတားအဆီးတွေကို ခဏလောက်ပဲဖြစ်ဖြစ် ဟိုးအဝေးကြီးကို ရောက်နိုင်သမျှရောက်အောင် လွှင့်ပစ်လိုက်ချင်မိသည်။ လွတ်လွတ်လပ်လပ် သွားလာချင်ပါသည်။ နေမကောင်းရင်လည်း ကိုယ်ထသွားချင်တဲ့အချိန် သွားချင်တဲ့ဆေးခန်းကို သွားချင်ပါသည်။ ရော်ဟိမ်ချစ်ရသည့်… ရော်ဟိမ့်မိသားစု… ရော်ဟိမ့်ကလေးတွေနဲ့ ခရီးသွားချင်ပါသည်။ လွတ်လွတ်လပ်လပ် သံသယကင်းကင်းဖြင့် ရော်ဟိမ့်မိတ်ဆွေအပေါင်းအသင်းများနှင့် ရပ်ရေးရွာရေးအကြောင်း၊ စီးပွားရေးအကြောင်း၊ သားသမီးတွေ ပညာသင်ပြီး အနာဂတ်ရှိစေချင်သည့်အကြောင်း… အို… အများကြီး ပြောချင်လှသည်။ နာမကျန်းဖြစ်နေသည့် အမိအိုအဖအိုတွေ၊ မွေးကတည်းက လူ့အခွင့်အရေးချိုးဖောက်ခံထားပြီးသားဖြစ်သည့် ရော်ဟိမ်တို့၏ ရင်သွေးငယ်လေးများကိုမြင်တိုင်း ရော်ဟိမ်ရင်ထဲမှာ မချိအောင် နာကျင်ခံစားရသည်။

ရော်ဟိမ်၏ဆန္ဒနှင့် ဆုတောင်းတွေ ဘယ်အချိန်မှ ပြည့်မည်မသိပါ။ သို့သော် ရော်ဟိမ့်မျက်ရည်တွေကတော့ အလ္လာရှင်မြတ်နှင့် ဆက်သွယ်ပေးလိမ့်မည်ဟု ရော်ဟိမ်ယုံကြည်ပါသည်။

**လုဒ္ဒီ**

❐

# ကွက်လပ်ဖြည့်ပါ

ဆာမိုဝါး



(၁)

"အားရှိအောင် ထမင်းများများစားလေ...." ဆိုတဲ့ မေမေ့ရဲ့ အားငယ်ဖျော့တော့နေတဲ့အသံကိုကြားမှပဲ ကိုယ့်ကိုယ်ကိုယ် "ငါ ထမင်းစားနေတာပါလား"လို့ အသိဝင်လာတယ်။ အခုတလော လူက တစ်ခုခုကိုလုပ်နေပေမယ့် စိတ်ကတော့ ရောက်ချင်တဲ့နေရာရောက်နေတာကြာပြီ။ အခုလည်း ထမင်းစားနေပေမယ့် စိတ်က တွေးချင်ရာတွေးနေတာ။ ကိုယ်တစ်ယောက်တည်း ဒီလိုတွေးချင်ရာတွေးပြီး တိတ်ဆိတ်နေတာတော့လည်း မဟုတ်။ အခုထမင်းစားပွဲမှာရှိနေတဲ့ လူတွေအကုန်လုံး တိတ်တိတ်ဆိတ်ဆိတ် အတွေးကိုယ်စီနဲ့ စားနေကြတာပဲ။ အရင်ကဆို ထမင်းစားပွဲဝိုင်းမှာ 'မ'တို့တွေ ကိုယ်ပြောချင်တာ ကိုယ်ရအောင် အလုအယက်ပြောနေကျ။ ကိုယ်မပြောလည်း မေမေတို့ အရီးချေတို့ အပြိုင်ပြောကြတဲ့ "တစ်နေ့အတွင်း ရပ်ကွက်သတင်းများ"ကို နားထောင်ရတာပါပဲ။ မဟုတ်ရင်လည်း ဘာဘာပြောပြတဲ့ "ကမ္ဘာကြီးမှာဘာတွေဖြစ်နေပြီ၊ ငါတို့ပြည်မှာ ဘာတွေဖြစ်နေပြီ"ဆိုတဲ့ သတင်းတွေကို နားထောင်ရတာပဲ။ အားလုံးထဲမှာ အတိတ်ဆိတ်ဆုံးကတော့ ညီမချေပေါ့။ သူကတော့ အပေါင်းအသင်းဆိုလည်း ဒီအိမ်က လူတွေပဲရှိတာ။ သူငယ်ငယ်လေးကတည်းက အပြင်းဖျားပြီး ရောဂါအရှိန်နဲ့ ကိုယ်လက်အင်္ဂါ မသန်စွမ်းဖြစ်သွားတော့ မိသားစုကလွဲပြီး တခြားသူတွေနဲ့ ထိတွေ့ဆက်ဆံတာနည်းသလို ထမင်းဝိုင်းမှာလည်း နှုတ်ဆိတ်နေတာများတယ်။

အခုတော့ ဒီထမင်းဝိုင်းလေးမှာ ညီမချေရယ်၊ မေမေရယ်၊ အရီးချေရယ်၊ 'မ' ရယ်ပဲရှိပြီး စားသောက်နေသံကလွဲလို့ ဘာသံမှမကြားရ။ ဘယ်သူမှ ဘာမှမပြောချင်လောက်အောင် အကြောင်းအရာမှန်သမျှ ဆိတ်သုဉ်းနေသလိုပါ။ အမှန်တော့ အားလုံး ဘာဘာကို သတိရနေကြမှန်း တစ်ယောက်

ကို တစ်ယောက်မပြောဘဲ သိနေကြတာပဲ။ ဘာဘာဆိုတာ ဒီမိသားစု အတွက် မားမားမတ်မတ် ရပ်တည်ပေးနေတဲ့သူ။ ဒါ့ပြင် ဆွေမျိုးမိတ်သင်္ဂဟ တွေရဲ့ အားကိုးရာ၊ ရပ်ကွက်တွင်း သာရေးနာရေးမှန်သမျှ ဦးဆောင်ဦးရွက် တက်တက်ကြွကြွ လုပ်ပေးတတ်သူကြီး။ အခုတော့ မိသားစုထမင်းဝိုင်းမှာ မရှိနိုင်ဘဲ သူ့ဘာသူတစ်ဦးတည်း ပြည်နယ်ဆေးရုံကြီးပေါ်မှာ ရှိနေရသတဲ့။ ဘာဘာတစ်ယောက် ဘယ်လိုစားသောက်နေရလဲ။ နေရထိုင်ရတာရော အဆင်ပြေရဲ့လား။ ကျန်းမာရေးရောကောင်းရဲ့လားလို့ တွေးပူနေရုံမှအပ သူတို့ဘာမှမတတ်နိုင်။

အဲ့ဒီ့နေ့ကို 'မ' သေချာမှတ်မိတယ်။ စနေနေ့ အလုပ်နားရက်မို့ အပျင်း ထူပြီး အိပ်ယာထဲလှဲနေတုန်း မေမေရဲ့အော်ခေါ်သံ ကြားလိုက်ရတာပဲ။ ။ ဘာဖြစ်တာလဲဆိုပြီး အိမ်ရှေ့ကို ပြေးကြည့်တော့ အဘာလေ... ခေါင်းမူး လို့၊ တအားမောတယ်၊ အသက်ရှူလို့မကောင်းဘူးဆိုပြီး အိမ်ရှေ့ပက်လက် ကုလားထိုင်လေးပေါ်မှာ ခြေပစ်လက်ပစ်လှဲနေတော တွေ့ရတယ်။ မေမေ ကတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ယောက်ယက်ခတ်ပြီး၊ ယပ်ခပ် ပေးလိုက် ရှူဆေးပေးရှူလိုက်နဲ့ တတ်သလောက်မှတ်သလောက် ဘာဘာ့ ကို ပြုစုနေရှာတယ်။ အရီးချေကလည်း သူ့အစ်ကို (ဘာဘာ) ဘေးမှာ ယောင်တောင်တောင်လေး ကြည့်နေရှာတယ်။ 'မ'လည်း အဘာ့ကို သက်သာအောင် ဘယ်လိုလုပ်ပေးရမှန်းမသိဘူး။ နောက်တော့ ဒီအတိုင်း နေနေလို့မဖြစ်ဘူးဆိုပြီး အဘာ့ကို ဟိုဖက်ရပ်ကွက်မှာရှိတဲ့ ဆရာဝန်ဆီ ခေါ်သွားဖို့ ပြင်ရတယ်။

ဆိုင်ကယ်ပေါ်ကနေ လှမ်းကြည့်လိုက်ချိန်မှာ ဆေးခန်းတံခါးပိတ်ထား တာတွေ့ပြီး မ ရင်ထိတ်သွားတယ်။ ဒါနဲ့ ဆေးခန်းနဲ့ကပ်လျက်က အိမ်ခြံ ဝန်းထဲကို အသံပြုရင်း "ဒီမှာ လူနာအရေးကြီးလို့ပါ၊ ဆေးခန်းပြချင်လို့ ဆရာဝန်ကြီးရှိပါသလား"လို့ လှမ်းအော်ပြောမိတယ်။ အိမ်ထဲကလူတစ် ယောက်ထွက်လာပြီး အခုရပ်ကွက်ထဲက ကိုယ်ပိုင်ဆေးခန်းလေးတွေ ပိတ် ထားတယ်၊ အရေးကြီးရင် ဆေးရုံကြီးကိုသွားပြလို့ ပြန်ပြောပါတယ်။ သြော်... ဟုတ်ပါရဲ့ အခုတလော 'မ'တို့ စိုက်တွေ(စစ်တွေ)မှာ ကိုဗစ်ရောဂါပိုး တစ်ဦးစနှစ်ဦးစတွေ့ရာကနေ တဖြည်းဖြည်းများလာတော့ ဒီလိုမျိုးစီစဉ်ကြ တာနေမယ်လို့ တွေးမိတယ်။ ဒါနဲ့ မေမေနဲ့ 'မ'လည်း အဘာ့ကိုခေါ်လို့ စိုက်တွေပြည်သူ့ဆေးရုံကြီးကို ပြေးသွားရတယ်။ ဆေးရုံကြီးရောက်ရောက် ချင်းပဲ အရေးပေါ်ဌာနမှာ အဘာ့အခြေအနေကိုပြောပြလို့ ဆရာဝန်၊ ဆရာမ တွေလက်ထဲ အဘာ့ကိုအပ်ရပါတယ်။ အဲဒီကျမှ သတိထားမိတာက 'မ'တို့

သားအမိတွေ အလောသုံးဆယ်ပြေးလာခဲ့တော့ Mask တွေ တပ်မထားမိဘူး။ လက်အိတ်ဝတ်ဖို့ဆိုတာ ဝေလာဝေးပဲ။ ဆေးရုံက ဝန်ထမ်းတွေက ဘာဘာ့ကို အရေးပေါ်ခန်းထဲခေါ်သွားပြီး အိမ်သားတွေကို ပေးမဝင်တော့ပါဘူး။ သူတို့မှာလည်း ကိုဗစ်ကာကွယ်ရေးဝတ်စုံ (PPE) ကြီးတွေ အပြည့်အစုံဝတ်ပြီး လူနာတွေကိုကြည့်ရှုပေးနေတာ တွေ့ရတယ်။

'မ'တို့ သားအမိစောင့်နေတာ ဘယ်လောက်ကြာသွားသလဲ မသိဘူး။ PPE ဝတ်စုံကြီးဝတ်ထားတဲ့ ဝန်ထမ်းတစ်ယောက်ထွက်လာပြီး အဘာ့ရဲ့နာမည်နဲ့ "လူနာရှင်"လို့ ခေါ်တဲ့အခါမှ အပြေးလေးသွားရတယ်။ ဘာဘာကို ကုသမှုတွေပေးထားပြီးလို့ အခြေအနေတွေ တည်ငြိမ်သွားပေမယ့် ဘာဘာရဲ့ ရောဂါလက္ခဏာတွေက ကိုဗစ်-၁၉ လူနာမှာဖြစ်တဲ့ ရောဂါလက္ခဏာနဲ့တူနေတဲ့အတွက် ကိုဗစ်သံသယလူနာအဖြစ် သတ်မှတ်ခံထားရပါတယ်။ ဒီအကြောင်းတွေကို တာဝန်ကျဆရာဝန်က 'မ'တို့ကိုပြောပြတော့ နားထောင်သာနေရတယ်။ သေချာနားလည်လိုက်ရဲ့လား ကိုယ့်ဘာသာမသဲကွဲပါ။ နောက်ဆုံးတော့ 'မ'တို့ သားအမိကို အိမ်ပြန်ပြီး လူနာအခြေအနေ အကြောင်းပြန်ကြားတာကိုစောင့်နေဖို့ ပြောလာပါတယ်။ သားအမိနှစ်ယောက် လေးပင်တဲ့ခြေလှမ်းတွေနဲ့ ဆေးရုံထဲကလှည့်ထွက်ပြန်ခဲ့ပြီး အိမ်ပြန်ရောက်ထိ ဘာစကားမှမပြောမိကြဘူး။ ကိုယ့်အတွေးနဲ့ကိုယ် သောကရောက်နေကြတာ။ အိမ်ရောက်တော့ အရီးချေနဲ့ညီမချောက ဘာဘာရောလို့မေးတော့ ဆေးရုံမှာထားခဲ့ရပြီး သူတို့အကြောင်းကြားတာကိုသာ စောင့်ရမယ့်အကြောင်း ပြောပြလိုက်တယ်။ ဘာဘာရဲ့ ဆေးစစ်ချက်အဖြေ ဘာတွေဖြစ်လာမလဲဆိုတာ တွေးကြည့်ရုံနဲ့တင် တကယ့်ကို စိတ်ပင်ပန်းခြောက်ခြားရလွန်းပါတယ်။

သုံးရက်မြောက်နေ့မှာတော့ ဘာဘာ့ဆီမှာကျန်ရစ်ခဲ့တဲ့ လက်ကိုင်ဖုန်းလေးကနေ သတင်းဆိုးပေးလာပါတယ်။ ဘာဘာ့ကို ကိုဗစ်ပိုးတွေ့လူနာအဖြစ် အတည်ပြုသတ်မှတ်တဲ့အကြောင်း၊ သူ့ကို စစ်တွေဆေးရုံကြီးမှာ သီးသန့်ခွဲပြီးထားမယ်ဆိုတဲ့အကြောင်း၊ အတူနေ မိသားစုဝင်တွေကိုတော့ ကွာရန်တင်းစင်တာမှာနေဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက လာရောက်ခေါ်ဆောင်မယ့်အကြောင်းနဲ့ အဆင်သင့်ပြင်ထားဖို့ပါ။

ဒီလိုသတင်းတွေကို 'မ' ဖေ့စ်ဘွတ်စ်ကနေ အမြဲတမ်းသိနေရပေမယ့် လက်တွေ့ကိုယ်တိုင် ရင်ဆိုင်ရတဲ့အခါမှာတော့ သိပ်ကိုတုန်လှုပ်စရာကောင်းပါတယ်။ အိမ်က မိသားစုဝင်တွေလည်း တုန်တုန်လှုပ်လှုပ်နဲ့ ဘာကို ဘယ်လို စလုပ်ရမလဲတောင် မသိတော့ပါဘူး။ ဒါပေမယ့်လည်း အချိန်တန်

တော့ 'မ'တို့ အိမ်ရှေ့ကို ဝတ်စုံဖြူတွေဝတ်ထားတဲ့ ကျန်းမာရေးဝန်ထမ်းတွေဟာ သူတို့တာဝန် သူတို့ထမ်းဆောင်ဖို့ ရောက်လာခဲ့ပါပြီ။ 'မ'တို့ မိသားစု အထုပ်အပိုးလေးပြင်ပြီး အိမ်ထဲက ထွက်လိုက်တယ် ဆိုရင်ပဲ...။

အိမ်ခြံဝန်းအပြင်ဘက် လူနာတင်ကားဘေးပတ်လည်မှာ များပြားလှတဲ့လူအုပ်ကြီးကို အံ့အားသင့်ဖွယ် တွေ့ရပါတယ်။ ဘေးအိမ်က မေမေနဲ့ သိပ်ရင်းနှီးတဲ့ အရီးပုတို့အိမ်ဆို တစ်အိမ်လုံး နီးပါးထွက်ကြည့်နေကြပါတယ်။ အခုက ဖုန်းတွေပေါတဲ့ခေတ်ဆိုတော့ ရိုက်လိုက်တဲ့ ဓာတ်ပုံတွေဆိုတာလည်း မပြောပါနဲ့တော့။ အိမ်ဘေးက မမလှနုက ဖေ့စ်ဘွတ်ခ် လိုက်ဖ် (live) လွှင့်ပြီးတော့တောင် သတင်းလွှင့်နေလိုက်သေးတယ်။ မေမေနဲ့ အရီးချောကတော့ ပြုံတော့မဲ့မိုးလို မျက်နှာတွေနဲ့ အတော့်ကို အားတင်းထားရတဲ့ပုံပါ။ သူတို့အတွက်ကတော့ ဘဝမှာ တစ်ခါမှမကြုံဘူးတဲ့ တကယ့်ကို ကြောက်စရာကောင်းတဲ့ အခြေအနေကို ရင်ဆိုင်နေရတာပါပဲ။ တကယ့်ကို မတရားမှုတစ်ခု၊ အများကလက်မခံနိုင်တဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ လုပ်ရပ်တစ်ခုကို ကျူးလွန်ထားတဲ့သူတွေလိုပဲ။ 'မ'ဆိုလည်း ခေါင်းတောင် ဖော်မကြည့်ရဲလောက်အောင်ပဲ။ လူနာတင်ကားကို ဒီနေရာကနေ မြန်မြန် မောင်းထွက်လိုက်ပါတော့လို့သာ အော်ပစ်လိုက်ချင်တော့တယ်။

လူနာတင်ကားလေး အိမ်ရှေ့ကထွက်လာတော့ ဘာကိုဘယ်လို ဝမ်းနည်းမိမှန်းမသိဘဲ အားတင်းထားသမျှ ငိုချမိတော့တာပဲ။ မေမေရော အရီးချောရော မျက်ရည်လေးစမ်းစမ်းနဲ့ သူတို့ကိုယ်တိုင်လည်း ဟန်ကိုယ့်ဖို့ နေနေကြရတာပါ။ မိသားစုဝင်တွေထဲမှာ အဆိုးဆုံး ရင်ဆိုင်ရတာကတော့ ကိုယ်အင်္ဂါမသန်စွမ်းတဲ့ ညီမချောပါ။ ငယ်ငယ်လေးကတည်းက အကူတစ်ယောက်ယောက်ပါမှ စားဝတ်နေဖို့ လုပ်နိုင်တဲ့သူဆိုတော့ သူလေးမှာ အတော့်ကို အားငယ်နေပါတယ်။ ဟိုရောက်ရင်အတူတူနေကြရမှာလား။ ဘယ်လိုပုံစံနဲ့ ဘယ်နေရာမှာနေရမယ်မှန်း ဘာမှမသိကြရသေးပါဘူး။

ဒီလိုနဲ့ နောက်ဆုံးတော့ ပိုးတွေ့လူနာနဲ့ထိတွေ့ခဲ့တဲ့သူတွေကို သီးသန့်ခွဲပြီးစောင့်ကြည့်တဲ့ Q စင်တာဆီ ရောက်သွားပါတယ်။ အခုက ရောဂါပိုးရှိ၊ မရှိ စစ်ဆေးမယ့်အချိန်ဖြစ်လို့ မိသားစုနဲ့အတူနေလို့ရတယ်ဆိုတော့ ဝမ်းသာရတယ်။ နောက်တစ်ဆင့်ကတော့ ဆေးစစ်ချက်ရလဒ် စောင့်ရတာပါ။ 'မ'တို့ဆီကယူသွားတဲ့ နှာခေါင်းတို့ဖတ်နမူနာတွေကို လေယာဉ်တို့၊ ကားတို့နဲ့ အဆင့်ဆင့်ပို့ပြီး ဗမာပြည်၊ ရန်ကုန်မှာ စစ်ဆေးရတယ်လို့တော့ ပြောပါတယ်။ 'မ'တို့ စိုက်တွေမှာသာ စစ်ဆေးလို့ရတဲ့နေရာရှိရင်တော့ ထွက်လာမယ့်အဖြေကို ရင်တမမနဲ့ စောင့်ရတဲ့အချိန်တွေ နည်းသွားမယ်ထင်ပါရဲ့။

အခုတော့ ကိုယ့်အတွက်အဖြေနဲ့ မိသားစုဝင်တွေရဲ့အဖြေက ဘယ်လို ထွက်လာမလဲဆိုတာ ရင်တထိတ်ထိတ်နဲ့ စောင့်နေကြတာ နှစ်ရက်ကျော် လာခဲ့ပါပြီ။ ဒီရက်တွေအတွင်းတော့ စိုက်တွေက ပြည်နယ်အားကစားခန်းမ ကြီးကို ကွာရန်တင်းစင်တာလုပ်ထားတဲ့နေရာမှာ နေရပါတယ်။ စင်တာမှာ နေထိုင်စားသောက်ရတာတွေကတော့ အလျဉ်းသင့်သလိုပဲပေါ့။

ပြည်နယ်အစိုးရနဲ့ စိုက်တွေက လူမှုရေးအဖွဲ့တွေက နေရာထိုင်ခင်း စီစဉ်ပေးသလို၊ အစားသောက်နဲ့ ရေ၊ မီး ပံ့ပိုးပေးကြပါတယ်။ အစားသောက် တွေ လှူပေးတဲ့အလှူရှင်တွေလည်း မပြတ်ပါဘူး။ တချို့လူတွေကတော့ စားရသောက်ရ၊ နေရထိုင်ရတာ အဆင်မပြေဘူးလို့ ညည်းသံလည်း ကြားမိပါရဲ့။ ကိုယ့်အိမ်မှာမဟုတ်ရင် ဘယ်နေရာမှ အဆင်ပြေမှာမဟုတ် ဘူးလို့ အရီးချောကပြောတော့ မေမေက အဲဒါတွေက အရေးမကြီးပါဘူးတဲ့ ငါတို့သာ ဘာအဖြေထွက်မလဲ အရေးကြီးတာပါတဲ့။

စိတ်ပင်ပန်းကြီးစွာ စောင့်နေရင်းနဲ့ လေးရက်လောက်ကြာတော့ မိသားစုတွေအားလုံး ပြုံးပျော်ရစေတဲ့ သတင်းစကားလေးကို တာဝန်ခံ ဝန်ထမ်းတစ်ဦးက တစ်ဆင့်ယူလာခဲ့ပါတယ်။ 'မ'ဆို ပျော်လွန်းလို့ ထတောင် ခုန်မိမတတ်ပဲ။ မိသားစုတွေအားလုံး စိတ်ရော၊ လူရော အကျဉ်းကျနေရာ က လွတ်မြောက်သွားသလို ခံစားရတယ်။ အဲဒီလိုနဲ့ လိုက်နာရမယ့် စည်းကမ်းတွေလိုက်နာလို့ စင်တာမှာနေရမယ့် သတ်မှတ်ရက် (၁၄) ရက် ကို အောင်မြင်စွာဖြတ်ကျော်လို့ပေါ့။ ဆေးရုံမှာရှိနေတဲ့ ဘာဘာနဲ့လည်း အဆက်အသွယ်ရတယ်။ ဘာဘာလည်း ကျန်းမာရေးပုံမှန်ဖြစ်လာပြီး ပထမအကြိမ် ရက်ပြည့်လို့ ပြန်စစ်တဲ့အခါ ပိုးမတွေ့ရတော့ဘူးတဲ့။ ပျော် လိုက်တာလေ...။ အခုတော့လည်း မုန်တိုင်းပြီးရင် လေပြည်လာစမြဲဆိုသလို သတင်းကောင်းတွေ ဆက်တိုက်လာနေတာပဲ။

သတ်မှတ်ရက်ပြည့်လို့ အိမ်ပြန်ရမယ့်အချိန်ကတော့ တကယ့်ကို အပျော်ရဆုံးပေါ့။ မေမေရယ်၊ အရီးချောရယ်၊ ညီမချောရယ်၊ 'မ'ရယ် ပျော်ရွှင် စွာနဲ့ စင်တာက ကုတင်နားနီးချင်းတွေကို နှုတ်ဆက်ပြီး စင်တာကလိုက်ပို့ တဲ့ လူနာတင်ကားလေးနဲ့ပဲ အိမ်ကိုပြန်လာခဲ့ကြတယ်။ အိမ်ရှေ့ကို ကား ဆိုက်လို့ ကားပေါ်ကနေပျော်ရွှင်စွာ ဆင်းလိုက်တယ်ဆိုရင်ပဲ လမ်းထဲမှာ သွားလာနေတဲ့သူတွေ၊ အိမ်နီးချင်းတွေဟာ ရုတ်ချည်းဆိုသလို ကိုယ့်အိမ် ထဲကို ဝင်ပြေးကြပြီး အိမ်တံခါးတွေကို ပိတ်လိုက်ကြပါတယ်။ တချို့တွေ လှမ်းပြောနေကြတဲ့အသံကိုလည်း ပီပီပြင်ပြင် ကြားလိုက်ရသေးတယ်။ "ဟာ သူတို့ကို ဘာလို့အိမ်ပြန်လွှတ်လိုက်ရတာလဲ။ လမ်းထဲရှိတဲ့ အခြား

အိမ်တွေလည်း ကူးကုန်မှာပေါ့။ အခုတောင် သူတို့ကြောင့် တစ်လမ်းလုံး လမ်းပိတ်နေရတာ။ လုပ်ကိုင်စားသောက်ရတာ ခက်ခဲအောင် တော်တော်ကို ဒုက္ခပေးတဲ့ မိသားစု။ လမ်းထဲပြန်မလာတာဘဲ ကောင်းမယ်"တဲ့။ အရှိန်ပြင်းပြင်းနဲ့ ဖြတ်ရိုက်လိုက်သလို စကားသံတွေက 'မ'တို့မိသားစု အိမ်ပြန်ခရီးကို ကြိုဆိုလိုက်ပါပြီ။

ဘာစကားမှ မပြောနိုင်တော့ဘဲ ခေါင်းကိုငုံ့လို့၊ သိမ်ငယ်သေးနုတ်မှုတွေထွေးပိုက်လို့ အိမ်ထဲကိုဝင်လိုက်ရပါတယ်။ လိုက်ပို့ပေးတဲ့ တာဝန်ရှိသူတွေက ဘယ်မှမသွားဘဲ အိမ်မှာပဲ (၇) ရက်ဆက်ပြီးနေဖို့နဲ့ အိမ်ကို ကျန်းမာရေးဝန်ထမ်းဆရာမတွေ ညနေတိုင်းလာပြီး ကျန်းမာရေး စစ်ဆေးပေးနေဦးမယ်ဆိုတဲ့အကြောင်း၊ ရပ်ကွက်ထဲက တာဝန်ရှိသူတွေလည်း လာကြည့်မယ်ဆိုတဲ့အကြောင်း၊ အိမ်မှာပဲနေရတဲ့အခိုက်မှာ စားရေးသောက်ရေးအတွက် မပူပန်ဖို့နဲ့ လူမှုရေးအသင်းအဖွဲ့တွေက ကူညီပေးကြလိမ့်မယ် ပြောပြီး ပြန်သွားခဲ့ကြပါတယ်။

ညှော်သည်တစ်ယောက်မှ မရှိတော့တဲ့အချိန်မှာတော့ အိမ်သားအားလုံး ဘယ်သူ့ဘယ်သူမှ စကားမပြောဘဲ ကိုယ်လုပ်စရာရှိတာပဲ တိတ်တိတ်ဆိတ်ဆိတ်လုပ်လို့...။ အိမ်ရောက်ရင်တော့ သိပ်ပျော်ရမှာပဲနော်လို့ပြောခဲ့တဲ့ ညီမချောတောင် အရီးချောကို သူအိပ်ချင်နေလို့ သူ့ကိုချီပြီး အိပ်ယာထဲကိုပို့ပေးဖို့ တိုးတိုးလေးပြောရှာတယ်။ အဲ့ဒီအချိန်ကစလို့ ခြောက်ကပ်တိတ်ဆိတ်နေတဲ့ အိမ်လေးဟာ ဘယ်လိုမှ ပြန်စည်ကားမလာတော့ပါဘူး။

ဟိုနေ့ကတော့ အရီးချောဟာ အိမ်ထဲမှာနေရတာ မွန်းကျပ်လွန်းလို့ထင်ပါရဲ့...... ညနေတိုင်းလာပြီး အဖျားတိုင်းပေးတဲ့ ကျန်းမာရေးဆရာမလေးကို "အရီးချောလေ မနက်ကျရင် ခြံထဲခဏထွက်ပြီး ဘုရားပန်းလေးများ ညှပ်လို့ရမလား"မေးတော့ ဆရာမလေးက ရယ်မောလို့ "အရီးချောရယ်... ကိုယ့်အိမ်နဲ့ ခြံပဲ.... ထွက်လို့ရတာပေါ့"တဲ့။ အရီးချောလည်း ပျော်သွားပုံရပြီး မနက်ကျ ခြံထဲဘုရား ပန်းခူးထွက်ဖို့ပြင်ဆင်ပါတယ်။ Mask လေးတပ်ပြီး ဇကာခုံးလေးထဲ ကတ်ကြေးလေးထည့်လို့ ခြံထောင့်က ဖော်လုံးပန်းလေးတွေစိုက်တဲ့နေရာလေးကို ချီတက်သွားလေရဲ့။ ဘုရားပန်းလေးကို ကတ်ကြေးနဲ့ညှပ်လိုက်တဲ့အချိန်မှာ "သူတို့မို့ ပြန်လာသေးတယ်။ ဟိုဆေးရုံကလူလည်း ဆေးရုံဆင်းပြီး ဒီအိမ်ပြန်လာရင် ငါတို့ရပ်ကွက်က လက်မခံမှရမယ်။ မဟုတ်ရင် အကုန်ကူးကုန်မှာပေါ့။"လို့ အိမ်အပြင်ဘက်က ပြောလိုက်တဲ့အသံက အရီးချော နားထဲရောက်ပြီး ဘာပန်းမှလည်း မခူးနိုင်တော့ပါဘူး။

အဲဒီချိန်ကစလို့ အိမ်ထဲကနေ အိမ်ခြံဝန်းလေးထဲကို မထွက်ရဲဘဲ "နင်တို့မိသားစုတွေ ဒီလမ်းထဲမှာမနေနဲ့ ပြောင်းကြတော့"လို့ ယောင်လို့တောင်ပြောလာရင် ဘယ်လိုလုပ်ကြမလဲဆိုပြီး အတွေးများနေကြတော့တာ။ ဆေးရုံမှာရှိနေသေးတဲ့၊ ခုမှကျန်းမာရေးကောင်းလာစပြုတဲ့ ဘာဘာ့ကိုတော့ ဘာမှမပြောပြရဲပါဘူး။ ရောဂါပိုးကို စိတ်ဓာတ်ခွန်အားအပြည့်နဲ့ တိုက်ထုတ်နိုင်ပေမယ့် ပတ်ဝန်းကျင်ရဲ့ ဖိအားတွေကိုတော့ တိုက်မထုတ်နိုင်မှာ စိုးရိမ်မိလို့ပါ။

ဘူးပေါင်းတစ်ထောင်ကိုသာ ပိတ်ထားလို့ရမယ်၊ လူတွေရဲ့ပါးစပ်ပေါက်တွေတော့ ပိတ်ထားလို့မရဘူးပြောတာ သိပ်ကိုမှန်တာပဲ။ အခုလည်း ဘယ်သူကပြောလိုက်မှန်းမသိပါဘူး...... မေမေတို့ရွာက အမျိုးတွေက ဖုန်းဆက်ပြီး သတင်းမေးကြတယ်တဲ့။ ဘာဖြစ်တာလဲ.....။ ဘယ်ကကူးတာလဲ.....။ အခု ဘာတွေစားနေကြလဲ.....။ ဘယ်လိုနေနေကြလဲ....တဲ့။ နေကောင်းလို့ အိမ်ပြန်ရောက်လာရင်လည်း ရွာကိုတော့ မလာကြနဲ့ဦးတဲ့။ သိပ်ကိုနွေးထွေးပျူငှာကြတာပဲ။ ရွာကလူတွေကရော ကိုဗစ်မဖြစ်တတ်တော့ဘူးလားလို့ စိတ်နာနာနဲ့ တွေးမိတဲ့အထိပါပဲ။

ကိုယ့်လိုမျိုးပတ်ဝန်းကျင်ရဲ့ အမြင်ပေါင်းစုံ၊ ဝိုင်းဝန်းဖိနှိပ်မှုတွေနဲ့ မိသားစုဘယ်နှစုများ နေနေကြရပြီလဲ။ 'မ'တို့တွေ ဘာတွေများမှားခဲ့လို့ ဒီလိုပတ်ဝန်းကျင်က ဆက်ဆံရတာလဲဆိုတာ အကြိမ်ကြိမ်တွေးပေမယ့် အဖြေမပေါ်ပါဘူး။ ဒီရောဂါပိုးကြီးကို ဘယ်သူကရော ဖြစ်ချင်မှာတဲ့....လဲ။ မိသားစုအတွက်ရော ကိုယ့်အတွက်ရော အခက်အခဲဖြစ်ရတာနဲ့တင် လုံလောက်နေပါပြီ။ စိတ်ဒဏ်ရာတွေရပြီး ပင်ပန်းလွန်းလို့ အားလျော့ချင်နေတဲ့သူတွေကို ပတ်ဝန်းကျင်ကသူတွေက ဝိုင်းဝန်းအားပေးပြီးတော့၊ နွေးထွေးပျူငှာမှုနဲ့ လိုအပ်နေတဲ့ ကွက်လပ်တွေကို ဖြည့်သင့်တာမဟုတ်ဘူးလား။ အခုတော့ဖြင့် ကွက်လပ်ဖြည့်ရမယ့်အစား ကွက်လပ်တွေပိုဖြစ်အောင်များ လုပ်နေရက်ကြသလားလို့လေ....။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

(၂)

အိမ်ထဲမှာနေနေရတဲ့ ရက်တွေအတွင်းတော့ 'မ'သူငယ်ချင်း မနုနုငယ်က ဖုန်းဆက်ပြီး အားပေးစကား နေ့တိုင်းပြောပေးပါရဲ့။ စိတ်အားမငယ်ဖို့နဲ့ ပတ်ဝန်းကျင်ဆိုတာ ဒီလိုပဲပြောတတ်ကြတာပဲတဲ့။ သူနဲ့နေ့တိုင်း စကား

ပြောပြီး စိတ်ခွန်အားတွေပြန်မွေးရတယ်။ သူက မြို့ပေါ်က ပုဂ္ဂလိကဘဏ် တစ်ခုမှာ အလုပ်လုပ်နေတဲ့ အစ်မဖြစ်သူနဲ့ မြို့ပေါ်မှာ နှစ်ယောက်တည်း ကျန်နေရစ်ခဲ့ပြီး သူ့မိဘတွေကတော့ မြို့ကနေရုပ်ပြေးနဲ့သွားရင် သုံးနာရီ လောက်ကြာတဲ့ ရွာလေးကို ပြန်သွားခဲ့ပါပြီ။ တစ်နေ့တော့ နုနုက သူ အားတာနဲ့ ဖုန်းဆက်လာတယ်။ စကားတွေပြောနေရင်း သူ့အစ်မရဲ့ ခပ်လှမ်းလှမ်းက ချောင်းဆိုးသံကို ကြားနေရပါတယ်။ ပြီးတော့ သူ့ကိုလည်း လှမ်းခေါ်တယ်ထင်ပါရဲ့။ နုနုက သူလုပ်စရာလေးရှိလို့ နောက်နေ့မှ စကား ပြောမယ့်အကြောင်းပြောပြီး ဖုန်းချလိုက်တယ်။ နောက်နေ့တွေတော့....... ဖုန်းခေါ်မလာခဲ့တော့ပါဘူး။

'မ'လည်း သူ မအားလို့ထင်ပြီး ဖုန်းမဆက်ဘဲ စောင့်နေခဲ့ပါတယ်။ သုံးရက်လောက်ကြာပြီး နုနုကိုဖုန်းလှမ်းဆက်တော့ သူက အလျင်စလို ဖုန်းကိုင်ပြီး သူမအားသေးလို့ နောက်မှပြန်ခေါ်မယ်...ပြောတယ်။ နောက် သုံးရက်လောက်နေတော့ နုနုဆီက ဖုန်းဆက်လာတယ်။ သူကတော့ ကြိုးစားပြီး တည်ငြိမ်အောင်ပြောနေပေမယ့် မောပန်းပြီး အားမရှိသလို ဖြစ်နေတာကို ဖုန်းသံကနေတစ်ဆင့် ကြားနေရပါတယ်။ စိတ်ပူလို့ "နင် နေရောကောင်းရဲ့လား။ နင့်အသံက အားမရှိသလိုပဲ" ဆိုတော့ သူက "ဘာမှမဖြစ်ပါဘူး။ ဒီလိုပဲ ပင်ပန်းလို့ပါ" တဲ့။ အခုကာလက ကိုဗစ်ရောဂါပိုး တွေ့တာ ပိုများလာလို့ အလုပ်တွေပိတ်ပြီး အိမ်မှာပဲနေခိုင်းထားတာကို သူက ဘာတွေပင်ပင်ပန်းပန်းလုပ်နေရတာလဲလို့ 'မ'လည်း တွေးမိတယ်။ "နင်နဲ့ငါ သူငယ်ချင်းအရင်းကြီးတွေပဲဟာ... ဘာမှ ကွယ်ဝှက်မထားပါနဲ့" လို့ 'မ'က မေးတော့မှ နုနုက သူ့အကြောင်း ပြောပြပါတယ်။

တကယ်တော့ နုနုက အိမ်မှာပဲနေတာမှန်ပေမယ့် အလုပ်ကို နေ့တိုင်း သွားပြန်နေရတဲ့ အစ်မဖြစ်သူနဲ့အတူနေတော့ ကိုဗစ်လက္ခဏာတွေဖြစ်တဲ့ အနံ့မရတာ၊ ချောင်းဆိုးတာ၊ လည်ချောင်းယားတာတွေဖြစ်နေပါပြီ။ ဒါပေမဲ့ သက်ဆိုင်ရာကို အကြောင်းကြားပြီး ဆေးရုံဆေးခန်း၊ Q-Center တွေကို မသွားချင်ဘူးတဲ့။ ဘာဖြစ်လို့များလဲဆိုတော့ 'မ'တို့ခံစားနေရသလို ပတ်ဝန်းကျင် ကသိပြီး ပြောလာမှာတွေ ဆက်ဆံလာမှာတွေကို ရင်မဆိုင်ချင်လို့တဲ့လေ။ ပြီးတော့လည်း သူတို့သတင်းကြားရသလောက် အဲ့ဒီ Q-Center တွေမှာ လည်း အစားအသောက်အနေအထိုင် အဆင်မပြေဘူးလို့ကြားရသတဲ့။ အဲ့ဒါကြောင့် ကိုယ့်အိမ်မှာတင်ပဲ၊ ကြားဖူးနားဝရှိတဲ့ဆေးတွေ ဝယ်သောက် ပြီး အဆင်ပြေသလို ကုလိုက်တော့မယ်လို့ ညီအစ်မနှစ်ယောက်လုံး ဆုံးဖြတ်ခဲ့သတဲ့လေ။

နုနုနဲ့ဖုန်းပြောပြီးတာနဲ့ တွေးဖြစ်တာကတော့ နုနုလိုလူတွေ ဒီမြို့မှာ ဒီရပ်ကွက်မှာ ဒီရွာတွေမှာ ဘယ်လောက်များနေကြပြီလဲ။ သူတို့ ဘာတွေဖြစ်လို့ ဘယ်လိုတွေရင်ဆိုင်နေကြပြီလဲ။ အသက်ဆုံးရှုံးပြီး ကူကယ်ရာမဲ့နေတဲ့သူတွေရှိနေခဲ့ပြီလား.....။

ဒါမှမဟုတ် ကြားဖူးနားဝဆေးအစွမ်းနဲ့ ရောဂါလက္ခဏာပျောက်သွားရုံနဲ့တင် ရောဂါမရှိတော့ဘူးလို့ခံယူပြီး အရင်လို လုပ်ကိုင်သွားလာကြပြီလား။ ဒါတွေကရော ဘာတွေဆက်ဖြစ်လာစေဦးမလဲ.....။

ဒီလိုမျိုးဖြစ်ပေါ်နေတဲ့ ကွက်လပ်တွေကိုရော ဘယ်လိုဖြည့်စွမ်းပေးကြရမလဲရယ်လို့ .....ပဲ။

(၃)

အခုတော့ ဘာဘာလည်း အိမ်ကို ကျန်းကျန်းမာမာနဲ့ ပြန်ရောက်လာခဲ့ပါပြီ။ ရပ်ကွက်ထဲကလူတွေ ဘာပဲပြောပြော အခုတော့ နေသားကျနေပါပြီ။ ရန်ကုန်က ဘာဘာ့အမျိုးတွေကတော့ ဘာဘာ့ကို သူရဲကောင်းတစ်ယောက်လို ချီးကျူးစကားပြောကြပါတယ်။ အိမ်ပြန်ရောက်လာနိုင်တာ ဘယ်လိုကံကောင်းကြောင်း၊ ချီးကျူးဖို့ကောင်းကြောင်းတွေ ပြောကြတယ်။ အခုတော့ 'မ'တို့ စိုက်တွေ (စစ်တွေ)ဟာလည်း ပိုးတွေ့လူနာတွေများပြားလွန်းလို့ စည်းကမ်းတွေတင်းကျပ်နေတာ တအားပဲ။ အခြား ပြည်နယ်နဲ့တိုင်းတွေကလည်း ရခိုင်ပြည်က ပိုးတွေ့ရှိမှု များပြားလွန်းတဲ့နေရာဖြစ်လို့ ရခိုင်ပြည်နယ်က လူတွေလာရင် (အထူးသဖြင့် စစ်တွေကို ခရီးသွားရာဇဝင်ရှိခဲ့ဖူးရင်) တားမြစ်ကန့်သတ်တာတွေ ဆက်တိုက်လုပ်လာပါတယ်။

ဖွန်လလောက်ကစလို့ 'မ'တို့ဆီမှာ ရောဂါပိုးတွေ့တာ နည်းပါးသွားပြီး ပုံမှန် တစ်ယောက်စ နှစ်ယောက်စ လောက်ပဲတွေ့လာနေခဲ့တော့ လူတော်တော်များများက အရင်လို အပြင်ထွက် အလုပ်တွေပြန်လုပ်လာနေကြပါပြီ။ အဲ့လိုနေနေတုန်း စိုက်တွေမှာ အခြားပြည်ပခရီးသွားရာဇဝင်မရှိဘဲနဲ့ ရောဂါပိုးရှိသူတစ်ယောက် ဩဂုတ်လလယ်လောက်က တွေ့ခဲ့တယ်။ နောက်တော့ ဆက်တိုက်ဆိုသလို စိုက်တွေကစလို့ ရခိုင်ပြည်တစ်ပြည်လုံး ပိုးတွေ့ရတဲ့သူတွေ ပိုပိုများလာတော့တာပဲ။ အဲ့ဒါကို စိုက်တွေက ရောဂါပိုးကို စတင်ဖြန့်ဖြူးသူတွေလို့ ပြောရက်ကြသေးတယ်လေ။။

ခုလိုရောဂါပိုးတွေ ခပ်စိပ်စိပ်ပြန်မတွေ့ရခင်တုန်းကတော့ မြန်မာနိုင်ငံမှာ ဘယ်တော့မှ ရောဂါပိုးမလာနိုင်တော့သယောင် ခရီးသွားတာတွေ ပြန်ခေါင်းထောင်လာခဲ့ကြတာပဲ။ ရခိုင်ပြည်နယ်ကနေစပြီး ပိုးတွေအများ

ကြီး ပြန်တွေ့လာတာမှန်ပေမယ့် စတင်ပေါက်ဖွားရာနေရာ၊ ရည်ရွယ်ချက်ရှိရှိ စတင်ဖြန့်ဖြူးခဲ့တာမျိုးတော့ မဟုတ်ပါဘူးလေ။ အခုလို သတင်းတွေကတစ်ဆင့် ရောဂါပိုးစတင်ပေါက်ဖွားရာ နေရာမျိုးအဖြစ် ပုံဖော်နေတာမျိုးတော့ မဖြစ်သင့်ပါဘူး။

ရန်ကုန်က ဘာဘာ့အမျိုးတွေကတော့ နေ့တိုင်းဖုန်းဆက်ပြီး သူတို့အခြေအနေတွေကို ပြောပြလေ့ရှိပါတယ်။ အခုတော့ ရန်ကုန်အိမ်မှာသွားနေပြီး ဆေးကုနေတဲ့ ဘောင်ဘောင်က (ဘာဘာ့အမေ) သူ့ဇာတိ ကျောက်တော်ကို ပြန်လာချင်တာတောင် မှတ်ပုံတင်က (၁၄/) ကိုင်တဲ့သူမို့လို့တဲ့... ဘယ်ခရီးသွားလာခွင့်လက်မှတ်မှ ဝယ်လို့မရတော့ကြောင်း ပြောလာပါတယ်။ ရခိုင်ပြည်နယ်မှာနေတဲ့သူတွေအတွက် မှတ်ပုံတင်အမှတ်က ၁၄/ နဲ့စတာပါ။ တခြားမှတ်ပုံတင်အမှတ်ကိုင်တဲ့သူတွေကတော့ သွားလာခွင့်ရနေပါသေးသတဲ့။ ဒီမှတ်ပုံတင်ကိုင်ဆောင်လိုက်ရုံနဲ့ ရောဂါပိုးရှိနိုင်တယ်လို့ ယူဆကြတယ်ထင်ပါရဲ့နော်။ ရောဂါပိုးမပြန့်အောင် ကြိုတင်ကာကွယ်တာဆိုရင်လည်း တစ်တိုင်းပြည်လုံး တစ်ပြေးညီဆောင်ရွက်သင့်တယ်လို့ 'မ'တော့ထင်တာပဲ။

ဒီလို ရောဂါပိုးတွေ့တာနဲ့ပဲ အဲ့ဒီဖြစ်ပွားရာနေရာနဲ့ ဒေသကလူမျိုးတွေကို အစွဲပြုပြီး အမုန်းပွားစေတဲ့စကားတွေ ဖန်တီးတာ၊ ဖိနှိပ်တာတွေကရော ဖြစ်သင့်ပါရဲ့လား။ အဲဒီလိုဖိနှိပ်မှုတွေကြောင့် စိတ်လုံခြုံမှုမရှိနိုင်တော့ စိတ်ဒဏ်ရာဖြစ်လာတဲ့ ကွက်လပ်တွေကိုရော ဘယ်လိုဖြည့်ဆည်းပေးကြမှာပါလဲ။

(၄)

'မ'တို့ ရခိုင်ပြည်ဟာ....... ဒီကာလမှာ တကယ့်ကို အကျပ်အတည်းတွေ အခက်အခဲတွေ ရင်ဆိုင်နေကြရတယ်။ မငြိမ်းတမ်းတောက်လောင်နေတဲ့ ပြည်တွင်းစစ်ကိုလည်း ခါးစည်းခံနေရသလို ကိုဗစ်ကလည်း တစ်မျိုးတိုးလို့ နှောင့်ယှက်နေပါသေးရဲ့။ ဘယ်သူတွေ ဘယ်လောက်နှောင့်ယှက်နေကြပါစေ.... အဖရခိုင်ပြည်သားတွေကတော့ ကိုယ်စွမ်းအားရှိသလောက်ကိုယ့်ပြည်ကို ကာကွယ်နေကြမှာလို့ ဘာဘာက ခဏခဏပြောဖူးပါတယ်။

အခုလည်း ကိုဗစ်မီးက စိုက်တွေမှာ အရှိန်ပြင်းပြင်းတောက်လောင်နေတဲ့အချိန် ပြည်တွင်းစစ်မီးက ဘာဘာ့ဇာတိမြေ ကျောက်တော်မှာ မငြိမ်းတမ်းဖြစ်ပွားနေဆဲပါပဲ။ ဘာဘာရဲ့မေမေ အဘောင်ကတော့ သူ့မွေးရပ်မြေကျောက်တော်က စစ်မီးသတင်းတွေကြားတိုင်း မျက်ရည်စမ်းစမ်းဖြစ်နေရ

တာပါပဲ။ အခုလည်း မြို့နဲ့နီးတဲ့နားက ရွာနှစ်ရွာကို မီးရှို့သွားတာ ရွာသားတွေခမျာ ဘာမှမရလိုက်ဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ အသက်လုထွက်ပြေးကြရသတဲ့။ ပြေးစရာမြေကလည်းမရှိတော့ မြို့ပေါ်က ဘုန်းကြီးကျောင်းတွေ စစ်ဘေးရှောင်စခန်းတွေဆီကို ပြေးဝင်ခိုလှုံရသတဲ့လေ။

စစ်မီးဟာ တစ်ဦးတစ်ယောက်ကိုပဲ လောင်ကျွမ်းတာမဟုတ်ဘဲ တစ်ရွာလုံး၊ တစ်မြို့နယ်လုံး တစ်မျိုးသားလုံးကို လောင်ကျွမ်းနေခဲ့ပါပြီ။ စစ်ဘေးအတွင်းက အငတ်ဘေးကတော့ အဆိုးဆုံးအခြေအနေပါ။ တိုက်ခိုက်တဲ့သူတွေကတော့ ဘာတွေစားပြီး တိုက်နေမှန်းမသိပေမယ့် စစ်ဘေးတွင်းဒေသကလူတွေ စားနပ်ရိက္ခာရရှိရေးအတွက်က အလွန်အရေးကြီးလာပါတယ်။ ဒါ့ကြောင့်လည်း အဲ့ဒီစစ်ဘေးသင့်နေရာတွေအတွက် အဘောင်တို့ ဆွေမျိုးတွေ နီးစပ်ရာကျေးရွာအုပ်စုတွေကို စားနပ်ရိက္ခာ အလှူခံထွက်ကြရတယ်။

အလှူရှင်တွေကတော့ လူမျိုး၊ ဘာသာမတူလည်း မွန်မြတ်တဲ့လူသားဆန်မှုတွေ၊ လိုအပ်ချိန်မှာ ဖေးကူတဲ့လက်တွေနဲ့ အသင့်ရှိနေခဲ့ကြတယ်။ ကျောက်တော်မြို့နီးနားက မွတ်စလင်ရွာတွေကလည်း တကယ့်ကိုအားတက်သရောနဲ့ စားနပ်ရိက္ခာ ကူညီပေးခဲ့ကြပါတယ်။ သူတို့ကိုယ်တိုင်က ဘယ်မှာသွားလာခွင့်မရဘဲ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က ထောက်ပံ့တဲ့ ဆန်တွေ၊ အလှူရှင်တွေက ပေးတာတွေနဲ့ပဲ အသက်ရှင်ရပ်တည်နေကြရပေမယ့် စေတနာတော့ မနည်းခဲ့ကြပါဘူး။ ရွာထဲမှာ အလှူခံလို့ ရလာတဲ့ ဆန်တွေကို အိတ်တွေနဲ့စုထည့်၊ ရွာထိပ်မှာ စုပုံထားပြီး လိုတဲ့သူတွေကို ပြန်လှူပေးကြတယ်။

လူတစ်ဦးချင်းနဲ့ လူမျိုးစုတွေကြားမှာ ပါးလျစွာရှိနေတဲ့ လူသားဆန်မှုတွေ၊ အားပေးကူညီမှုတွေ၊ စာနာဖေးကူမှုတွေကို ခပ်ရေးရေးမြင်လိုက်ရတယ်လို့ 'မ' ထင်ပါတယ်။ ဒီလိုမျိုး...... ကွက်လပ်သေးသေးလေးတွေကို တတ်နိုင်သမျှဖြည့်သွားရင်ဖြင့် တစ်နေ့တော့ ပြည့်နိုင်ကောင်းပါရဲ့လို့ပဲ....။

**ဆာမိုဝါး**

❒

# ဆုတောင်းနှစ်ခု... သို့သော်... ဘဝများစွာ

ထောင်ဇာပွမ်း



လူတစ်ဦးတစ်ယောက်စီတိုင်းရဲ့ ဘဝချင်းက မတူညီနိုင်ကြ။ မတူညီတဲ့ဘဝတွေပေါ်အခြေခံလို့ ဘဝရဲ့အဓိပ္ပာယ်ကို အမျိုးမျိုးပုံဖော်ကြ၊ ဖွင့်ဆိုကြတာပဲ။ နေရာဒေသ၊ လူနေမှုအဆင့်ပေါ်မှာ မူတည်ပြီးတော့မှ ဘဝရဲ့အဓိပ္ပာယ်ဟာလည်း ခြားနားကြသတဲ့။

ပလက်ဝနဲ့ ရခိုင်ပြည်နယ်ဒေသတချို့မှာတော့ ကပ်ရောဂါနဲ့ကြောက်မက်ဖွယ်စစ်ပွဲကြားက ဘဝတွေမို့ ဒုက္ခများစွာဖိစီးချိန်မှာသုံးတဲ့ ဗူးလေးရာဖရုံဆင့်ဆိုတဲ့ စကားပုံလို။ တိုက်ပွဲကြောင့် ထွက်ပြေးဖို့လိုနေပေမယ့် ကိုဗစ်ကတော့ အိမ်မှာပဲနေသင့်သတဲ့လေ။ စစ်ဘေးကနေပဲ ထွက်ပြေးရမလား၊ အိမ်မှာပဲနေသင့်လား။ အသိစိတ်နဲ့ ဆုံးဖြတ်ရမလား၊ ကြောက်စိတ်နောက်လိုက်ရမလား နားမလည်နိုင်တော့ပါဘူး။

အားလုံးက Covid ကူးစက်ပြန့်ပွားမှာစိုးလို့ ပြည်သူတွေ ဘယ်မှ မသွားမလာဘဲ ကိုယ့်ကိုယ်ကိုယ် အတတ်နိုင်ဆုံး ရောဂါပိုးမကူးအောင် ကာကွယ်ရမယ်လို့ဆိုကြတယ်။ ဒီလိုအချိန်မှာ စစ်ပွဲကြားက လူတွေက ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်မိသားစုနဲ့အတူတကွ နေထိုင်သင့်ပါလျက်နဲ့ ဘယ်လိုကြောင့် ကိုယ့်အိမ်၊ ကိုယ့်ယာမှာမနေနိုင်ဘဲ ထွက်ပြေးနေရပါသလဲ။

တိုက်ပွဲသဘောတရားမှာတော့ ဘဝလုံခြုံမှုအတွက် အကောင်းဆုံးနည်းလမ်းက ထွက်ပြေးမှပဲ ပိုပြီးအဆင်ပြေနိုင်တယ်မို့လား။ တိုက်ပွဲဖြစ်တဲ့ဒေသက လူတွေအဖို့ ပုန်းရှောင်လိုက်၊ ထွက်ပြေးလိုက်နဲ့ နေရပ်စွန့်ခွာပြီးပဲ သွားနေကြရုံပေါ့။ ဘယ်အချိန်မှာ ဘယ်လိုတိုက်ပွဲဖြစ်မလဲ၊ တိုက်ပွဲဖြစ်ရင် ဘယ်အချိန်မှာ၊ ဘယ်နေရာမှာ၊ ဘယ်လိုပုံစံနဲ့ထွက်ပြေးရမလဲပဲ ပူပန်နေရတဲ့ဘဝတွေကို ဒီလိုစစ်ဖြစ်တဲ့နေရာမှာ နေနေရတဲ့သူတွေပဲ သိပါတယ်။ သို့သော်လည်း သူတို့ရဲ့ဘဝကို မြင်ယောင်၊ ကြားယောင်လို့ ဘယ်လောက်ခက်ခဲနေကြမလဲ စဉ်းစားပေးချင်မိတယ်။

ကပ်ရောဂါဆိုတာ မမြင်ရ၊ ကိုင်တွယ်လို့မရဘဲ တိတ်တဆိတ်နဲ့ သူတို့ဘဝကို ဒုက္ခပေးတဲ့အရာပါ။ တိုက်ပွဲကတော့ မျက်စိနဲ့မြင်ရရုံမက နားကွဲ

မတတ်အသံနဲ့ လူ့အသက်တွေအပြင် အိမ်နဲ့ အိမ်မွေးတိရိစ္ဆာန်ပါမကျန် ပျက်စီးစေတဲ့ ဘေးအန္တရာယ်ပေါ့။ ဒီဘေးအန္တရာယ်နှစ်ခုကြားက တိုင်းရင်းသားတွေအတွက်တော့ ကမ္ဘာကြီးဟာ ခိုလှုံစရာကင်းမဲ့တဲ့ နေရာသဖွယ်ဖြစ်လာတော့တာပဲ။

စစ်နဲ့ကပ်ကြားက သူတို့ဘဝကို အမျိုးမျိုးပုံဖော်ကြတာ စာတွေထဲမှာ ဖတ်ဖူးတယ်၊ ဓာတ်ပုံနဲ့ ရုပ်သံဇာတ်လမ်းတွေထဲက စစ်အနိဋ္ဌာရုံတွေထဲမှာ မြင်ဖူးတယ်။ သူတို့ရဲ့ တကယ့်ရင်တွင်းအသံတွေ ကြားရတဲ့အခါမှာတော့ သူတို့ခမျာ Covid ကိုလည်း မကြောက်လို့မဟုတ်၊ စစ်ကိုလည်း မကြောက်လို့မဟုတ်ရှာ။ ဒီနှစ်ခုမှာ ဘယ်ဟာပိုကြောက်ရမလဲ ဗျာများနေတဲ့ သူတို့အသံကို အခုလိုကြားရတယ်။

"Covid က ပိုကြောက်ရတယ်၊ ရောဂါက ဘယ်ကနေ၊ ဘယ်လိုကူးစက်လာမလဲ တိုက်ရိုက်မသိနိုင်၊ မမြင်နိုင်ဘူး၊ Quarantine စင်တာ မရောက်ခင် ရောဂါရသွားခဲ့ရင် တစ်မိသားစုလုံး၊ တစ်ရွာလုံး တဖြည်းဖြည်းနဲ့ ဒီကပ်ရောဂါခံစားရပြီး သေသွားနိုင်တယ်၊ စစ်ပွဲကတော့ ဘယ်အချိန်ဖြစ်မလဲ ကြိုသိတာများတော့ ထွက်ပြေးချိန်ရှိတာပေါ့"တဲ့.... ဒုက္ခသည်စခန်းကိုရောက်နေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ စကားသံ။

တချို့ကျတော့လည်း သူတို့ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒုက္ခပေါ်မူတည်ပြီး နှစ်ခုလုံးကိုကြောက်နေရတာပဲ။

"ကျွန်မတို့ကတော့ Covid လည်း ကြောက်ရ၊ တိုက်ပွဲလည်း ကြောက်ရ၊ ဒီတိုတောင်းတဲ့ဘဝက ကြမ်းတမ်း၊ ခက်ခဲတယ်၊ ဘေးဒုက္ခနှစ်ခုကြားမှာ နေရတာ စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ ခံစားနေရပါတယ်။ ဘယ်ဟာမှ မရှိတော့ရင် ကောင်းမှာပဲ"လို့.... ငိုရှိုက်ရင်း ပြောပါတယ်။

ဘေးဒုက္ခနှစ်ခုထဲကနေ တစ်ခုကိုရွေးချယ်ရမယ်ဆိုရင်တော့ ပြည်သူအများစုက Covid ထက် တိုက်ပွဲကိုပိုကြောက်ရတာပဲ။ ကိုဗစ်ကို မကြောက်တာမဟုတ်ပေမယ့် ကိုဗစ်ကြောင့် ချက်ချင်းမသေနိုင်ဘူးလို့ မှတ်ယူပြီး လက်နက်ကြီးနဲ့ ဗုံးဆံတွေကို ပိုကြောက်နေရတဲ့အဖြစ်ကြောင့်ပါ။ ရွာထဲလက်နက်ကြီးကျရင် မီးလောင်လို့ လူရော အိမ်မွေးတိရိစ္ဆာန်ပါသေတယ်၊ အိမ်တွေယာတွေ ပျက်စီးကုန်တယ်။ လက်နက်ကြီးထိလို့ ချက်ချင်းမသေတောင် မသန်စွမ်းဖြစ်သွားနိုင်တယ်။ နောက်ဆက်တွဲ ပြဿနာတွေအများကြီးနဲ့လေ။

သေပြီးနောက်တောင်မှ ကိုဗစ်နဲ့တိုက်ပွဲကြောင့် သေတာချင်းမတူပြန်ဘူးမဟုတ်လား။

Quarantine စင်တာရောက်သွားတဲ့ လူတစ်ယောက်ဟာ ကိုဗစ်ကြောင့်သေသွားခဲ့ရင်တောင် သေသွားတဲ့အလောင်းကို တာဝန်ယူမယ့်သူတွေရှိတယ်။ မြေမြှုပ်သင်္ဂြိုဟ်မယ့်သူတွေရှိတယ်။ အနည်းဆုံးတော့ မီးသင်္ဂြိုဟ်ပေးသေးတယ်။

စစ်ပွဲကြောင့် ချက်ချင်းသေရတဲ့သူတွေကတော့ သေသွားရုံသာပါပဲ၊ ကျန်ရစ်တဲ့မိသားစု ဆွေမျိုးတွေက သေသူရဲ့အလောင်းအတွက် စိတ်ပူရတယ်။ အလောင်းတောင် ပြန်ယူနိုင်ပါ့မလား၊ ယူနိုင်ရင်တောင် ဘယ်နေရာမှာ၊ ဘယ်သူတွေက ဘယ်လို သင်္ဂြိုဟ်မလဲဆိုတဲ့ အပူမီးများစွာနဲ့ ကျန်ခဲ့ကြတယ်။ အလောင်းသယ်တဲ့အချိန်မှာ သယ်တဲ့သူတွေပါ ထပ်ပြီးသေနတ်နဲ့ အပစ်ခံရမလား စိုးရိမ်မှုပေါင်းများစွာနဲ့လေ။

သူတို့တွေရဲ့ အခက်အခဲစိန်ခေါ်မှုတွေက များပြားလှတယ်။ ဘေးဒုက္ခနှစ်ခုကြားက ဘဝကြမ်းကြမ်းတွေဟာ တိုက်ပွဲကြောင့် ဒုက္ခရောက်ရသလို၊ Covid ကြောင့်လည်း ဒုက္ခရောက်နေရတာပဲ။ ဒုက္ခရောက်တာချင်းတူရင်တောင် Quarantine စင်တာ ဒါမှမဟုတ် ဒုက္ခသည်စခန်းရှိရာထိ ထွက်မပြေးနိုင်တော့ဘဲ အဆင်ပြေတဲ့နေရာမှာပဲ နေနေရတဲ့သူတွေ၊ အဆင်မပြေလည်း ဖြစ်တဲ့နည်းနဲ့ ထွက်ပြေးပုန်းရှောင်နေရတဲ့ လူတွေဆိုပြီး ခြားနားသွားတဲ့ဘဝတွေက မျိုးစုံပါ....။

ကိုဗစ်က အသက်ရှင်ကျန်ပြီး ရောဂါပျောက်ကင်းနိုင်သေးတယ်။ တိုက်ပွဲကြောင့်ဖြစ်တဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမှုမျိုးစုံကတော့ ပြန်ပြီးကောင်းဖို့ ခဲယဉ်းလွန်းပါတယ်။ ဘယ်တော့တိုက်ပွဲဖြစ်မလဲ....လို့ သေနတ်သံနားစွင့်ရင်း အိပ်နေရတဲ့ဘဝမှာ နေ့ညမဟူ၊ AA နဲ့ တပ်မတော်ကြား တိုက်ပွဲဖြစ်တာနဲ့တစ်ပြိုင်နက် ထွက်ပြေးရတာပါပဲ။ ကိုယ်ဝန်ဆောင်မိန်းကလေးတွေ၊ နုငယ်တဲ့ကလေးနဲ့ မိခင်တွေအတွက်ဆို ပိုဆိုးပါတယ်။

နောက်ထပ်တွေ့နိုင်ပါသေးတယ်....။ ဒုက္ခသည်စခန်းထိအရောက်သွားနိုင်တဲ့သူနဲ့ ဒုက္ခသည်စခန်းမရောက်ရှာနိုင်တဲ့သူတွေမှာလည်း မတူကွဲပြားတဲ့ဒုက္ခတွေ့နဲ့။ ဒုက္ခသည်စခန်းရောက်သွားသူ တချို့က အိမ်ကိုမပြန်ချင်တော့ဘူးတဲ့။ မပြန်ချင်လို့ ဟုတ်ပါ့မလားလေ။ သူတို့ပြန်သွားရင် ဖုံးဒဏ်ကြောင့် အိမ်တွေက ပျက်စီးနေကြပြီ၊ သေနတ်မှန်လို့သေသွားတဲ့ ညီအစ်ကိုမောင်နှမတွေကို ပြန်မတွေ့နိုင်တော့ပြီ။ စစ်ပွဲတွေ၊ ကိုဗစ်...တွေမရှိတော့တဲ့ တစ်နေ့ကျရင်တောင် သူတို့ဘယ်နေရာမှာ၊ ဘယ်လိုနေထိုင်ရမလဲ မသိတော့တာကြောင့် သူတို့ဘဝဟာ ဘာတစ်ခုမှ မျှော်လင့်ချက်မရှိတော့သလိုမျိုး။

တိုက်ပွဲကြောင့် ဒုက္ခသည်စခန်းနဲ့ Quarantine စင်တာတောင်

မရောက်နိုင်ရှာတဲ့ အုပ်စုတွေကတော့ တိုက်ပွဲနဲ့ကိုဗစ်ကြားမှာ ဘာလုပ်ရမှန်း မသိကြတော့ပါဘူး။ ထွက်ပြေးမယ်ဆို ဘယ်နေရာကို ထွက်ပြေးရမလဲ သူတို့မသိသလို၊ ဒုက္ခသည်စခန်းမှာလည်း ကိုဗစ်ကြောင့် လူသစ်တွေကို လက်ခံမယ့်ပုံမမြင်ဘူး။ တခြားသူတွေဆီ သူတို့မသွားနိုင်သလို သူတို့ဆီလည်း ဘယ်သူမှ မလာနိုင်ကြဘူး။ အလုပ်လည်းလုပ်မရတော့ စားဖို့သောက်ဖို့ ပူပန်ရပြန်တယ်။ ပူပန်စရာတွေများလွန်းလို့ ဘာလုပ်ရမှန်းမသိတဲ့ဘဝမှာ ပုန်းရှောင်ရင်းနဲ့ ရှင်သန်တယ်ဆိုရုံနေထိုင်ကြရတာပဲ။ တစ်ချိန်လုံး ပုန်းရှောင်နေရသူတွေအတွက် လူနဲ့သူနဲ့တူအောင် နေထိုင်ခြင်းဆိုတာ ဘာလဲလို့တောင် မသိတော့သလိုပါ။

ပလက်ဝမြို့ပေါ်က လူတွေကို ကြည့်ဦးမလား....။ ကိုဗစ်နဲ့တိုက်ပွဲကြောင့် လမ်းတွေပိတ်ထားတော့ သူတို့စားဝတ်နေရေးအတွက် ပူပန်လာကြရပြီ။ ဒုက္ခသည်စခန်း ရောက်သွားတဲ့သူတွေအတွက်တော့ WFP အကူအညီနဲ့ အခုချိန်ထိတော့ စားဖို့ရှိသေးတာပဲ။ မြို့ပေါ်မှာနေတဲ့ လူအများစုကတော့ ဒီလိုသာဆက်သွားမယ်ဆိုရင် ငတ်ဖို့ပဲရှိတော့တယ်....။ လမ်းတွေပိတ်တော့ ကုန်ဈေးနှုန်းတွေမြင့်လာတယ်။ တစ်ဘက်မှာလည်း စားသောက်ကုန်တွေက လမ်းမှာပျက်စီးကုန်တယ်။ ပိုက်ဆံရှိရင်တောင်မှ ဝယ်စရာမရှိတဲ့အဖြစ်ပါ။ အရင်တုန်းက ကော်ဖီမစ်တစ်ထုပ် ၂၀၀ ကျပ်။ အခု ၅၀၀ ဖြစ်သွားပြီ။ ဒါတောင်မှ ဝယ်စရာမရှိဘူး၊ ဆမီးနှင့် ပလက်ဝလမ်းမကြီးကို ပြန်ပြီးဖွင့်ပေးလိုက်ရင် အများကြီးကောင်းသွားနိုင်တာပဲ။ အခုတော့ လမ်းမကြီးပြန်ဖွင့်ဖို့မပြောနဲ့၊ အဲဒီလမ်းမှာ ဂိတ်တစ်ခုရှိတယ်။ အဲဒီဂိတ်ကဖြတ်ဖို့တောင် ထောက်ခံစာတွေလိုတယ်။ ထောက်ခံစာလည်း ဘယ်နေရာမှာတောင်းရမှန်း မသိပါဘူး။ ပြောတော့တစ်မျိုး လုပ်တော့တခြားဆိုသလိုလား။

ဒုက္ခသည်စခန်းမှာ WFP က စားဖို့အတွက် ဆန်၊ ဆီ၊ ပဲတွေ ထောက်ပံ့တော့ အခုထိတော့ အဆင်ပြေတာပဲ။ ဒါပေမယ့်လည်း တိုက်ပွဲကြောင့် လမ်းတွေပိတ်၊ ကိုဗစ်နဲ့ ဒီအတိုင်းဆက်သွားရင် အနာဂတ်ဟာ မတွေးရဲစရာ။ ဒုက္ခသည်စခန်းရောက်သွားတဲ့ အများစုဟာ ကိုယ်မှာဝတ်ထားတဲ့ အဝတ်အစားကလွဲပြီး လဲစရာ ဘာအဝတ်အစားမှ ပါမလာခဲ့ကြရှာဘူး။ ဒေသခံအဖွဲ့အစည်းက မြို့ပေါ်မှာအလှူခံပြီး ဝယ်ပေးတာဝတ်ရတယ်။

ဒုက္ခသည်စခန်းလား...။ စားစရာရှိပေမယ့် နေရေးခက်လှတယ်။ အမျိုးသမီးတစ်ယောက်ပြောတာ နားထောင်ကြည့်ပါ.....။

"ဒုက္ခသည်စခန်းမှာ နေထိုင်ရတာ ရာသီဥတုအပေါ်မှာ အများကြီးမူတည်နေတယ်။ မိုးရွာတဲ့အချိန်ဆို ကျွန်မတို့ အိမ်အောက်မှာ ရေတွေ

ပြည့်နေပြီး ရေအိုင်လိုဖြစ်နေတယ်၊ အပြင်ထွက်မယ်ဆိုရင်လည်း ရေအိုင်ထဲမှာ လျှောက်သွားနေရသလိုပါပဲ။ နေသာတဲ့အချိန်ကျတော့လည်း ရေဗွက်တွေ ခမ်းခြောက်လို့ထွက်လာတဲ့ မြေရဲ့အနံ့ကြီးက တော်တော့်ကိုဆိုးတာပဲ၊ မခံနိုင်ဘူး။ မီးဖိုချောင်မှာ အတူတူထမင်းချက်တော့ မီးခိုးတွေက မလွယ်ဘူး၊ မီးဖိုချောင်ထဲမှာ ၅ မိနစ်လောက်နေရင်ပဲ မျက်ရည်တွေက ငိုနေသလိုကျတော့တာ၊ လုံးဝကိုနေလို့မရဘူး၊ ဝင်လိုက်ထွက်လိုက် လုပ်နေရတာပါပဲ။"

"ဗုံးသံ၊ သေနတ်သံတွေကတော့ ဘယ်တော့မှ မကြားချင်တော့ဘူး၊ စစ်ပွဲတွေ အမြန်ဆုံးရပ်တန့်ဖို့ပဲ တောင်းဆိုကြရုံပေါ့။ ကိုဗစ်ကတော့ ကုသကောင်း ကုသနိုင်ပါလိမ့်မယ်၊ ကမ္ဘာမှာဖြစ်ပျက်နေတဲ့ ရောဂါဆိုးကြီးမို့လား။ စစ်ပွဲကတော့ မြန်မာပြည်က သက်ဆိုင်တဲ့သူတွေက ညှိနှိုင်းပြီးတော့မှ ရပ်တန့်လို့ရတဲ့အရာမျိုးပါ။ နိုင်ငံတော်ကြီးကို ငြိမ်းချမ်းအောင်လုပ်ပေးပါ...."တဲ့။

စစ်ပွဲဖြစ်နေတဲ့ နေရာမှာနေနေရတဲ့ ပြည်သူအများစုအဖို့ ကိုဗစ်ကို အာရုံမပြုနိုင်ပါဘူး။ သူတို့အဖို့ "ဘယ်လိုနေရမလဲ၊ ဘယ်အချိန်မှာ သေနတ်ကျည်ဆန်မှန်ပြီး သေရမလဲ၊ ဘယ်အချိန် ထွက်ပြေးရမလဲ၊ ဘယ်နေရာကို ထွက်ပြေးမလဲ၊ ဘယ်လိုနည်းနဲ့ ထွက်ပြေးရမလဲ"ဆိုတာက ပိုပြီးအရေးကြီးနေတာမို့လား။ သူတို့မှာ အိပ်ကောင်းခြင်းမအိပ်ရတာ ဘယ်လောက်တောင်ကြာပြီလဲ...။

မြန်မာပြည်မှာနေတဲ့ ပြည်သူအားလုံးဟာ... တူညီသောစံတော်ချိန်အောက်မှာ... နေ့တွေညတွေ ဖြတ်သန်းရတာခြင်းကတော့အတူတူ....။ ဒါပေမဲ့လည်း တိုက်ပွဲနဲ့ကိုဗစ်ကြားနေရတဲ့သူတွေရဲ့ ဘဝကတော့ တစ်ခြားစီပါ။

မျှော်လင့်ချက်နေ့သစ်တွေ ဘယ်အချိန်မှာများ ရောက်လာမလဲလို့... အချိန်တွေရေတွက်ရင်း တစ်နေ့ပြီးတစ်နေ့၊ တစ်ညပြီးတစ်ည ကုန်ဆုံးနေကြရသူတွေအတွက် မျှော်လင့်ချက်နေ့သစ်တွေ ဆီရောက်ဖို့ "တိုက်ပွဲတွေရပ်ကြပါတော့" ဆန္ဒပြုနေရတဲ့သူတွေ။ တစ်ချိန်တည်းမှာပဲ သူတို့တွေဟာ ကိုဗစ်ကာကွယ်ဆေးတွေ လူသားအားလုံးလက်ထဲ အမြန်ဆုံးရောက်ပါစေ....လို့ ဆုတောင်းနေရတဲ့သူတွေပေါ့။

**ထောင်ဇာပွမ်း (Thawng Za Pum)**

❐

# အကြံပေးအဆိုပြုချက်

ယခုအနုသုတေသနရသအစီရင်ခံစာသည် သုတေသနတွေ့ရှိချက်များကိုအခြေခံ၍ အောက်ပါအချက်များအပေါ် အကြံပေးအဆိုပြုပါသည်။

**ချိတ်ဆက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုပြုရန်**

လက်နက်ကိုင်ပဋိပက္ခနှင့် ကိုဗစ်၁၉ရောဂါအန္တရာယ်ကို ရင်ဆိုင်နေရသော ပြည်သူလူထု၏လုံခြုံရေး၊ ရောဂါဘေးမှကင်းဝေးရေး၊ ရောဂါဖြစ်ပွားသူများကို ထိရောက်စွာကုသပေးနိုင်ရေး၊ စားဝတ်နေရေးစသည်တို့ကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ရေးအတွက် ပြည်ထောင်စု၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအစိုးရများ၊ အရပ်ဖက်ပြည်သူ့အဖွဲ့အစည်းများ၊ အင်န်ဂျီအိုများ၏ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုသည် အလွန်အရေးကြီးသော လိုအပ်ချက်ဖြစ်သည်။ အထူးသဖြင့် ရပ်ရွာနှင့် ကွာရန်တင်းစင်တာ (Quarantine Centre) များ၏ လိုအပ်ချက်ဆန်းစစ်ချက်စစ်တမ်းကို အဆိုပါအဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်၍ ပုံမှန်ကောက်ယူမှုပြုခြင်းဖြင့် ပြည်သူများ၏ အဓိကလိုအပ်ချက်ကို အချိန်မီပံ့ပိုး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာနှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို ပွင့်လင်းမြင်သာမှုရှိစွာ အသုံးပြုနိုင်မည်ဖြစ်သောကြောင့် အစိုးရ၊ NGOs နှင့် အရပ်ဖက်လူမှုဖွဲ့အစည်းများအပေါ် ယုံကြည်မှုရှိနိုင်မည်ဖြစ်သည်။

စစ်တွေမြို့ပေါ်တွင် Arankan Humanitarian Coordination Team (AHCT) ဟုခေါ်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်း (၆) ဖွဲ့ ပေါင်းစပ်ထားသည့်အဖွဲ့သည် အစိုးရဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ကွာရန်တင်းစင်တာ (Quarantine Centre) ၏ လိုအပ်ချက်များကို အကူအညီများပေးနေသည်မှာ လူထုတစ်ရပ်လုံးအတွက် အကျိုးပြုရုံသာမက အစိုးရဌာနဆိုင်ရာများအတွက်လည်း များစွာအထောက်အကူပြုနေသည်မှာ အထင်အရှားပင်

ဖြစ်သည်။ သို့သော်လည်း ထိုအဖွဲ့အစည်းများတွင် အမျိုးသမီးများကို အခြေပြုကာ ဖွဲ့စည်းထားသည့် အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူ အမျိုးသမီးများအား အဖွဲ့ထဲတွင်ပါဝင်ရန် ဖိတ်ခေါ်မှု အားနည်းနေသေးသည်။ ထို့ကြောင့် ထိုသို့သော အဖွဲ့အစည်းများတွင် အမျိုးသမီးများအား ဖိတ်ခေါ်နိုင်မည်ဆိုပါက ကွာရတင်းစင်တာရှိ အမျိုးသမီးများ၏အခက်အခဲများနှင့်လိုအပ်ချက်များကိုလည်းပို၍သိရှိနိုင်မည်ဖြစ်သည်။

## ရပ်ရွာလူထုပါဝင်မှု

သတင်းအချက်အလက်နှင့် လူထုပညာပေးရေးလုပ်ငန်းများကို ရပ်ရွာဒေသအာဏာပိုင်များက အစဉ်မပြတ်ပြုလုပ်ရန် လိုအပ်ပါသည်။ ဒေသသုံး ဘာသာစကားအသီးသီးဖြင့် ဖြန့်ဝေသော သတင်းအချက်အလက်များသည် အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းရန် ရပ်ရွာလူထုအတွက် အလွန်အထောက်အကူပြုမည်ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် စည်းကမ်းတင်းကြပ်သော ကွာရန်တင်းစင်တာများထက် မိမိတို့အိမ်တွင် ကျန်းမာရေးဝန်းထမ်းများ၏ စောင့်ရှောက်မှုဖြင့် ကွာရန်တင်းဝင်သော အစီအမံကိုထားရှိသင့်သည်ဟု အဆိုပြုပါသည်။ ထိုသို့အားဖြင့် ကွာရန်တင်းစင်တာမှ ကူးစက်နိုင်သည်ဟူသော ကွာရန်တင်းစင်တာခြောက်အိမ်မက်များနှင့် ပတ်ဝန်းကျင်၏ဖယ်ကြဉ်ခြင်းမှ ကင်းဝေးစေနိုင်မည်ဖြစ်သည်။

တတိယအချက်အနေဖြင့် ရပ်ရွာအုပ်ချုပ်ရေးမှူးနှင့် အခြားရပ်ရွာခေါင်းဆောင်များကို ကိုဗစ်ကာကွယ်တားဆီးရေးနှင့် အထောက်အပံ့များပေးအပ်ခြင်းတို့တွင် ထဲထဲဝင်ဝင်ပါဝင်စေရန် အဆိုပြုပါသည်။ ထိုသို့ပါဝင်ခြင်းသည် ပြည်သူတို့၏လိုအပ်ချက် လေ့လာဆန်းစစ်မှုလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်သလို၊ ထိခိုက်လွယ်အုပ်စုများ ရွေးချယ်လျာထားခြင်းအတွက်လည်း ထိရောက်မည်ဖြစ်သည်။ ခေါင်းဆောင်များဆိုရာတွင် ရပ်ရွာအတွင်းရှိ လူနည်းစုလူမျိုးများ၏ ကိုယ်စားပြုခေါင်းဆောင်များ ပါဝင်နိုင်စေရန်လည်း လိုအပ်ပါသည်။

စတုတ္ထအချက်အနေဖြင့် ပြည်သူလူထုမှ အကြံပြုခြင်း၊ အဆင်မပြေမှုများကို အသိပေးတိုင်ကြားခြင်းတို့ပြုလုပ်နိုင်သော လမ်းကြောင်းများဖွင့်ထားပေးရန် အကြံပြုပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် စီမံချက်များကို တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ စီမံကိန်းနှင့်ပတ်သက်သော အကဲဖြတ်အကြံပေးမှုများကို စီမံကိန်း

အကောင်အထည်ဖော်သူများမဟုတ်သော လွတ်လပ်သည့် အဖွဲ့အစည်းများက ပြုလုပ်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။

## မရှိမဖြစ်လိုအပ်သော အကူအညီနှင့် အသက်မွေးဝမ်းကျောင်းမှု

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခြင်းနှင့် ကိုဗစ်ကပ်ဘေးကို တစ်ပြိုင်နက်တည်းရင်ဆိုင်နေရသော ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်မှပြည်သူများသည် အလွန်အတိဒုက္ခရောက်လျက် ရှိပါသည်။ အထူးသဖြင့် တိုက်ပွဲများ လတ်တလောဖြစ်ပွားရာနေရာရှိပြည်သူများမှာ ပိုမိုဒုက္ခရောက်ကြရသည်။ အသက်ရှင်ရပ်တည်ရေးအတွက် လိုအပ်သော အစာအာဟာရ၊ အမိုးအကာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကပ်ရောဂါကာကွယ်ရေးဆိုင်ရာ အထောက်အပံ့များကို လုံလောက်စွာ ထောက်ပံ့ပေးပါရန် အဆိုပြုပါသည်။ ၎င်းတို့ဘေးကင်းလုံခြုံရေးမှာ အဓိကအကျဆုံးဖြစ်သည်။

ကပ်ရောဂါသည် အချိန်တိုအတွင်းပြီးဆုံးနိုင်မည့် အလားအလာမရှိသောကြောင့် ပြည်သူများသည် မိမိတို့စားဝတ်နေရေးအတွက် ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း ရှိရမည်ဖြစ်သည်။ ကပ်ရောဂါကာလအတွင်း တတ်နိုင်သမျှ အလုံခြုံဆုံးအခြေအနေအတွင်း၌ ပြည်သူများ ၎င်းတို့နေ့စဉ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မပျက်ယွင်းဘဲ လုပ်ကိုင်နိုင်ရန် အစီအမံများကို အစိုးရအနေဖြင့် အမြန်ဆုံးချမှတ်သင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းမရှိပါက ပြည်သူတို့သည် ကပ်ဘေးထက် ဝမ်းရေးကြောင့် ပိုမိုထိခိုက်ပျက်စီးသောအဖြစ်ကို ရင်ဆိုင်ကြရပေလိမ့်မည်။

**ပညာအလင်းပွင့်မြန်မာသုတေသနအဖောင်ဒေးရှင်း**
**Enlightened Myanmar Research Foundation (EMReF)**

# ဆုတောင်းနှစ်ခု... ဘဝများစွာနှင့်

## အနုသုတေသန ရသစာတမ်းများ

- လူချီနှင့် ဃန်း(ဂ်)စွန်း
- လူချီ
- ဆာမိုဝါး
- ထောင်ဇာပွမ်း